မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၈၂)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မေတ္တာတန်ပိုးနှင့် မေတ္တာတန်ခိုးများ (အမှတ်စဉ်-၈)

မေတ္တာမိုး ရွာသွန်းဖြိုးကြ

မေတ္တာတရားသည် မိုးရေမိုးပေါက်တို့နှင့်တူ၏
သတ္တဝါတို့မှာ မိုးရေမိုးပေါက်တို့ကို အစဉ်မျှော်လင့်
တောင့်တနေကြရသော သစ်ပင်ပန်းမန်တို့နှင့်
အလားတူ၏။
မေတ္တာမိုး ရွာသွန်းဖြိုးမှသာ သတ္တဝါတို့သည်
ကြည်လင်လန်းဆန်းရ၏။
မေတ္တာမိုး ဆိတ်သုဉ်းသောအခါ မိုးဦး၊ မိုးလယ်ကောင်းလျက်
မိုးနှောင်းမကောင်းသော လယ်ယာကဲ့သို့
ဘဝဖြစ်သမျှ အချည်းနှီးသာတည်း။

(သာသနာရေး)

မြန်မာနိုင်ငံသည် လူငယ်များကို နိုင်ငံ၏အင်အား၊ နိုင်ငံ၏အပိုးတန်ဆုံးရတနာတစ်ခုအဖြစ် ခံယူ လူငယ်များအတွက် ကျန်းမာရေးလုပ်ငန်းများ တစ်နိုင်ငံလုံး တိုးမြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ စာရိတ္တပိုမိုမြင့်မားခိုင်မာပြီး ဘဝ၏စိန်ခေါ်မှုများ ရင်ဆိုင်ဖြေရှင်းနိုင်ရန် လေ့ကျင့်ပေးလျက်ရှိ ယနေ့မြန်မာလူငယ်များ ၎င်းတို့၏လူနေမှုဘဝ မြင့်မားလာစေရန် အခွင့်အလမ်းများ ရရှိခံစားနေရပြီ

နေပြည်တော် ဇူလိုင် ၁၁

၂၀၀၆ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာ့အလင်း
ကမ္ဘာတစ်လွှား အားကစားသတင်း အညွှန်း

မန်ယူတိုက်စစ်မှူး နစ္စတယ်ရွိုင်းကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့ အပြိုင်ကြိုးပမ်းနေ။

အီတလီနည်းပြအဖြစ် ဆက်လက်တာဝန်ယူလိုကြောင်း မာဆယ်လိုလစ်ပီ ပြောကြား။

မောင်မောင်မြင့်ဆွေ၏ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆက်တွဲသတင်းများ (စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

လူ့ဘောင်သာယာရေး ငယ်ရွယ်သူများပျိုးထောင်ပေး

၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့သည် ကမ္ဘာ့လူဦးရေနေ့ဖြစ်သည်။ ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်မှာ "ကမ္ဘာ့လူ့ဘောင်သာယာရေး ငယ်ရွယ်သူများပျိုးထောင်ပေး"ဟူ၍ ဖြစ်သည်။

ယင်းဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ အနာဂတ်ကို ပိုင်စိုးကြသည့် လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တကို ပြုစုပျိုးထောင်ပေးခြင်းသည် ကမ္ဘာ့လူ့ဘောင်ကို သာယာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ကမ္ဘာ့ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားများကို ၁၉၉၁ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည်။ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပိုစတာ၊ စာစီစာကုံးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများ ကိုလည်း ကျင်းပခဲ့သည်။

လူငယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာ အသိပညာများ တိုးတက်စေရန်နှင့် ယင်းအသိပညာများ လူငယ်များအတွင်း ပျံ့နှံ့ရောက်ရှိစေရန် ပြုလုပ်သည့် အဆိုပါပြိုင်ပွဲများတွင် လူငယ်များအပါအဝင် ပြည်သူအများ ပါဝင်ယှဉ်ပြိုင်ကြသည်ကို တွေ့ရသည်။

ယနေ့ခေတ် လူငယ်များသည် လူ့သမိုင်း၏အကြီးမားဆုံး မျိုးဆက်သစ်များဖြစ်ကြသည်။ ကမ္ဘာလောကကြီး သာယာလှပရေးအတွက် လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို အာရုံစိုက်ပြုလုပ်ကြရမည်ဖြစ်သည်။ လူငယ်များ၏ စွမ်းရည်၊ အတွေးအခေါ်နှင့် သန္နိဋ္ဌာန်ချမှုများ မှန်ကန်ဖွံ့ဖြိုးတိုးတက် အသက်ဝင်လာသည်နှင့်အမျှ အနာဂတ်လူ့ဘောင်၏ သာယာရေးလမ်းစများ ဖွံ့ထွားထွန်းကားလာမည် ဖြစ်သည်။

လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို နိုင်ငံတကာတွင် စုပေါင်းဆောင်ရွက်နေကြသည်။ ၁၉၉၇ ခုနှစ်တွင် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့များ ပူးပေါင်း၍ ဆယ်ကျော်သက်များ၏ ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးတိုးတက်လာစေရေးတို့အတွက် အရေးအကြီးဆုံး ပေးဆပ်မှုဖြစ်သည်ဟူသော သဘောတူညီချက်ကို ချမှတ်ဆုံးဖြတ်ခဲ့သည်။

"လူငယ်ကျန်းမာ နိုင်ငံ့ရတနာ" ဟူသည့်အတိုင်း ကျန်းမာရေးအပါအဝင် အနာဂတ်လူ့ဘောင် သာယာရေးကို ဖန်တီးမည့်သူများမှာ လူငယ်များဖြစ်ကြသည်။ ယနေ့လူငယ်များ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ပြည့်ဝမှသာ အနာဂတ်ကာလ၌ မိဘများဖြစ်လာချိန်တွင် ကျန်းမာရေးနှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သော သားကောင်းရတနာမျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်မည် ဖြစ်သည်။

ယနေ့ကမ္ဘာတွင် လူဦးရေသန်းပေါင်း၆၅၀၀ကျော် မှီတင်းနေထိုင်လျက်ရှိသည်။ ကုလသမဂ္ဂ လူဦးရေဆိုင်ရာ ပညာရှင်တို့က ၂၀၁၅ ခုနှစ်တွင် လူဦးရေသန်း ၇၈၃၀၊ ၂၀၅၀ ပြည့်နှစ်၌ လူဦးရေသန်း ၁၁၉၀၀ ရှိလာမည်ဟု ခန့်မှန်းထားကြသည်။

ကမ္ဘာ့လူဦးရေနေ့သည် လူသားတိုင်း၊ နိုင်ငံတိုင်းအတွက် အနှစ်သာရပြည့်ဝသည့် နေ့တစ်နေ့ဖြစ်သည်။ လူငယ်များသာမက အရွယ်မရွေးနှင့်လည်း သက်ဆိုင်သည့်လူ့ဘောင်တည်တံ့ခိုင်မြဲရေး၊ အနာဂတ် ကမ္ဘာသာယာရေးအတွက်လည်း အထောက်အကူပြုပေသည်။ ထို့ကြောင့် လူ့ဘောင်သာယာရေးအတွက် ဆောင်ကြဉ်းပေးနိုင်မည့် အနာဂတ်ကိုပိုင်စိုးသော လူငယ်များအား သားကောင်းရတနာမျိုးဆက်သစ်များ ဖြစ်လာရေး တာဝန်ရှိသူအသီးသီးက ပြုစုပျိုးထောင်ပေးသွားကြရမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပညာရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်းကပ်လှူ

နေပြည်တော် ဇူလိုင် ၁၁

ပညာရေးဝန်ကြီးဌာန (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင်၉ရက် နံနက် ၉နာရီခွဲက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဇနီးဒေါက်တာစန္ဒာအောင်၊ ဒုတိယဝန်ကြီး ဦးမျိုးညွှန့်နှင့်ဇနီးဒေါ်မာလာသိန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းတို့ တက်ရောက်၍ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပညာရေး ဝန်ထမ်းများ တက်ရောက်ကြသည်။

ကိုးပါးသီလခံယူ

ရှေးဦးစွာ လယ်တီစံကျောင်းဆရာတော်ဘဒ္ဒန္တ ဣန္ဒာဝုဓ ထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး လယ်တီစံကျောင်း ဆရာတော်အမှူးပြုသော သံဃာတော်တို့က ပရိတ်တရားတော်များကို ချီးမြှင့်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးဒေါက်တာချမ်းငြိမ်းနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လယ်တီစံကျောင်းဆရာတော် ဘဒ္ဒန္တ ဣန္ဒာဝုဓက လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အနုမောဒနာ တရားချီးမြှင့်တော်မူသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးစိုးလှိုင်(အငြိမ်းစားအမှုနှင့်ပစ္စည်း ထိန်းမင်းကြီး)အား ရည်စူး၍ ဗဟန်းမြို့နယ် ဆရာစံလမ်းမကြီးနေဇနီး ဒေါ်ကြည်ကြည်လှိုင်၊ သား ဦးဋ္ဌေးလှိုင်၊ ဒေါက်တာမျိုးလှိုင်၊ သမီး ဒေါက်တာမီမီလှိုင်နှင့် ဒေါက်တာနီနီလှိုင်တို့က အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင်တည်ဆောက်လျက်ရှိသော ဝိပဿနာစေတီတော်ကြီးအတွက် အလှူငွေကျပ်သုံးသိန်းကို ဗဟန်းငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိရိပ်သာ နာယကဦးကြည်ညွှန့်နှင့် ဥက္ကဋ္ဌဦးအဂ္ဂါတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၇-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ MRTV-4 စာအုပ်စင်ကဏ္ဍ (ဒေါက်တာဇော်သန်း)
၇:၃၅ တေးဂီတအစီအစဉ်
၇:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၇:၄၅ တေးဂီတအစီအစဉ်
၇:၅၀ နိုင်ငံတကာအနုပညာရေးရာ (ဇင်အောင်အောင်၊စုမြတ်မွန်)
၈:၁၅ ပြည်တွင်းသတင်းအကျဉ်း
၈:၂၅ တေးဂီတအစီအစဉ်
၈:၃၀ Cartoon Animation မှသည် သမိုင်းပုံရိပ်ဆီ
၈:၄၅ အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (သီဟကျော်စိုး)(အပိုင်း-၂)
၉:၁၅ မိုးလေဝသခန့်မှန်းချက်
၉:၂၀ တေးဂီတအစီအစဉ်
၉:၂၅ သံပုံထောင်းခြင်းဆိုင်ရာ နည်းပညာ
၉:၃၅ အာရုတံခွန်စိုက် ဘိလိယက်ချန်ပီယံမြန်မာ
၁၀:၀၀ တေးဂီတအစီအစဉ်
၁၀:၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀ ဂုဏ်ယူစရာ လက်မှုအတတ်ပညာ
၁၀:၂၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၀ တေးဂီတအစီအစဉ်
၁၀:၃၅ Myanmar Video Rhythm
၁၁:၂၀ တေးဂီတအစီအစဉ်
၁၁:၂၅ ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့
၁၁:၃၅ အကအစီအစဉ်
၁၁:၄၀ မြန်မာစာ၊ မြန်မာစကား(၈)
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၁

ပခုက္ကူအသင်း(ရန်ကုန်) (၁၃) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ အသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၀ပါးတို့အား ဝါဆိုသင်္ကန်းကပ်လှူရန်နှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌဦးတင်မောင်ဝင်း ဖုန်း-၆၆၄၄၈၅၊ အတွင်းရေးမှူး ဦးမျိုးဆန်း ဖုန်း-၃၈၃၈၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဇူလိုင် ၂၃ ရက်အထိ အသင်း၌ အလှူခံဌာန ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။ **(၃၅၂)**

မြဝတီရုပ်မြင်သံကြား

၁၂-၇-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၆၀)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **"ပိဋကတ်ဉာဏ် ကန့်မြူးထူးချွန်သည့် ဆရာတော်"**
၁၉။ English Usage
၂၀။ ဗီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြိုင်ဟေဝန်ကသိုင်းလုလင်** **(ဒုတိယတွဲ-အပိုင်း-၅)**

လက်ခံ

အမှတ် ၂၄ ကျောက်ရေတွင်းလမ်း ကျောက်မြောင်း တာမွေမြို့နယ်နေ ဦးအောင်သန်း-ဒေါ်ထားထားအောင်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

ညောင်ရွှေ တီလောကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုး ယခုနှစ်၌ တစ်မြို့နယ်လုံး ဧက၅၅၀၀စိုက်ပျိုးသွားမည်

ရန်ကုန် ဇူလိုင် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် တီလောကျေးရွာအုပ်စုတွင် ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲကို ဇူလိုင် ၄ရက် နံနက်က ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် တပ်မတော်အရာရှိများ၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်တင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ စုစုပေါင်းအင်အား ၂၁၀၀ ကျော် တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက အမှာစကားပြောကြားရာ တောင်သူလယ်သမားများ အသုံးပြုနေသော လယ်ယာသုံးစက်များအတွက် ဒီဇယ်ဆီကို အစားထိုးနိုင်ရန်တွင် ဇီဝလောင်စာဆီရရှိမည့် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အနေဖြင့်သုံးနှစ်အတွင်း ဧကေါသိန်းစိုက်ပျိုးမှာဖြစ်ကြောင်း၊ စိုက်ပျိုးပြီးအပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း အကျယ်တဝင့်ပြောကြားသွားသည်။

စုပေါင်းစိုက်ပျိုး

ထို့နောက်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသူတိုင်းရင်းသားများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များအား ပေးအပ်ပြီး စုပေါင်းစိုက်ပျိုးကြသည်။ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတွင် တစ်ဆက်တစ်စပ်တည်း၁၀ဧကစိုက်ပျိုးခဲ့သည်။ ညောင်ရွှေမြို့နယ်မှ ၂၀၀၆ ခုနှစ်တွင် ဧက၅၅၀၀စိုက်ပျိုးရန် လျာထားရာ အကိုင်းဖြင့်၄၅၈၁ဧက၊ အစေ့၊ အပင်ပေါက်ဖြင့် ၇၁၅ဧက စုစုပေါင်း၅၂၉၆ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍စဉ်ဆက်မပြတ်စိုက်ပျိုးနိုင်ရေးအတွက် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးက ပျိုးပင်ပေါက်၊ အစေ့တို့ဖြင့် ခြံစည်းရိုး ကြက်ဆူပင်များ စတင်ပျိုးထောင်ရာ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများက စုပေါင်းပျိုး ထောင်ပေးခဲ့ကြောင်းသိရသည်။**(ခရိုင်ပြန်/ဆက်)**

■ ကျောဖုံးမှ

ယင်းနောက် ဝန်ကြီးသည် အရှည် ၂၄၇၇ ပေ၊ အချင်း ၁၃ ပေရှိသည့် ရေလွှဲဥမင်အဝင်ပိုင်းနှင့် အထွက်ပိုင်းတို့ကို လည်းကောင်း၊ ရေလွှဲဥမင်အထွက်ပိုင်း ရေထုတ်အဆောက် အအုံဆောက်လုပ်မည့် နေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပင်မတမံ

ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းတွင် ရေလွှဲဥမင်ကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် စတင်ဖောက်လုပ်ခဲ့ရာ ၂၀၀၆ခုနှစ်ဧပြီ၁၉ ရက်တွင် ဥမင်လိုဏ်တိုးလျှို ပေါက်ပြီးစီးသည်။ အတွင်းပိုင်း ကွန်ကရစ်လောင်းမှုကို ၂၀၀၆ခုနှစ် ဇူလိုင် ၇ရက်တွင် ပြီးစီးခဲ့သည်။ ထို့ကြောင့် ပင်မတမံ တည်ဆောက်ရန် ရေလွှဲမှုကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးသက်ဝင်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၁၂

နယူးဇီလန် နိုင်ငံဆိုင်ရာ အထူး အာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသက်ဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို ဇွန် ၂၇ရက်တွင် ဝယ်လင်တန်မြို့၌ နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဒိန်းဆေးဗီးယားကတ်ရိုက်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဇူလိုင်၁၁ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ်ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသည့် သံတမန်များနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းရှေ့ဖုံး) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၂–၇–၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၆။	အတီးပြိုင်ပွဲ
၈း၀၀	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၅	၈။	အဆိုပြိုင်ပွဲ
၈း၂၀	၉။	ဟင်းရွက်ရေလှောင်တမံ
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၅	၆။	မြန်မာစာ မြန်မာစကား
၁၇း၃၀	၇။	သီချင်းကြီးပဒေသာ
၁၇း၄၅	၈။	**"အန္တရာယ်ဆိုတာလက်တစ်ကမ်းမှာ"** စိုးသူ၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၇း၅၀	၉။	ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၀၀	၁၃။	**"ကုသမနေး တီဘီဘေး"** ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး (ဒါရိုက်တာ–ပန်းချီစိုးမိုး)
၁၉း၁၀	၁၄။	အတီးပြိုင်ပွဲ
၁၉း၁၅	၁၅။	တေးဂီတအစီအစဉ်
၁၉း၂၅	၁၆။	ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၉း၃၅	၁၇။	ဆင်းရွှေလီစပါးစိုက်သူများ စီးပွားရေးတွေအမှန်တိုးပွား
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	**"မြန်မာ့ဓာတ်ပြားခေတ်အစဉ်"** (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်)

ခရမ်းမြို့ မိုးရေချိန် စံချိန်သစ်တင်

ရန်ကုန် ဇူလိုင် ၁၁

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲတွင် ခရမ်းမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၂၉ မီလီမီတာ(၅ဒသမ၀၈လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၂၄ နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ၁၂၆မီလီမီတာ(၄ဒသမ၉၆လက်မ)ဖြစ်ပြီး ၁၉၈၄ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန် ကြေညာသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ–အိန္ဒိယ ဆေးနှင့်ဆေးပစ္စည်းများကုန်သွယ်မှုတိုးမြှင့်

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ Pharmaceuticals Export Promotion Councilတို့ပူးပေါင်းဆောင်ရွက်သည့် Buyer and Seller Meet အစည်းအဝေးပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေး၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်၊ အတွင်းရေးမှူး ဒေါက်တာ စောလှထွန်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ သင်းနွယ်ဝင်းနှင့် ဗဟို အလုပ်အမှုဆောင်များ၊ အသင်းဝင် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ အိန္ဒိယနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Counseller Mr. Rajinder Khanna၊ အိန္ဒိယသမ္မတ နိုင်ငံ Pharmaceuticals Export Promotion Council မှ Addl Executive Director, Raghuveer Kiniဦးဆောင်သည့် အဖွဲ့ဝင် ၁၁ဦးပါဝင်တက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးက အဖွင့်အမှာစကားပြောကြားပြီး အိန္ဒိယသမ္မတနိုင်ငံ Pharmaceuticals Export Promotion Council မှ Addl Executive Director, Raghuveer Kini က အိန္ဒိယနိုင်ငံ၏ Pharma Industryနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းအစည်းအဝေးတွင် မြန်မာ–အိန္ဒိယနှစ်နိုင်ငံ ဆေးနှင့် ဆေးပစ္စည်းများ ကုန်သွယ်မှုအဆင့်တိုးမြှင့်ရေး လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ နှစ်နိုင်ငံကုန်သည်များ ရင်းနှီးစွာတွေ့ဆုံ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(က–ပ)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ စာတမ်းဖတ်ပွဲ တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးသန်းမြင့် ဦးဆောင်သော မြေငလျင်ကော်မတီဝင်များ AOGS 2006-Asia Oceania Geosciences Society တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် Restoration Program from the Gaint Earthquakes and Tsunamis အစည်းအဝေးများသို့ တက်ရောက်ရန် ဇူလိုင် ၉ ရက် နံနက်ပိုင်းက စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားသည်။

စင်ကာပူနိုင်ငံတွင် ဇူလိုင်၉ရက်မှ ၁၅ရက်အထိ ကျင်းပမည့် ယင်းအစည်းအဝေးများတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ မြေငလျင်ကော်မတီဝင်များသည် Some Evidence in Support of Aseismic Tectonics along the Bengal Tectonic Boundary စာတမ်းနှင့် Coastal Segmentation and Active tectonics of Rakhine cost a Preliminary review စာတမ်းတို့ကို အသီးသီးဖတ်ကြား တင်သွင်းကြမည်ဖြစ်သည်။

အသင်းဥက္ကဋ္ဌ ဦးသန်းမြင့်နှင့်အတူ မြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းဆွေနှင့် အတွင်းရေးမှူးများဖြစ်သော ဦးတင့်လွင်ဆွေ၊ ဦးစိုးသူရထွန်းတို့လည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည်။

(သတင်းစဉ်)

✡ ကျောဖုံးမှ

အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါ အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ရှစ်ဦးတို့၏ နုတ်ထွက်လွှာတွင် NLD ပါတီသည် တိုင်းပြည်နှင့် လူမျိုးဒုက္ခရောက်စေမည့် လုပ်ရပ်များကို ရှေးရှုဆောင်ရွက်နေသဖြင့် NLD ပါတီအပေါ်တွင် လည်းကောင်း၊ NLD ပါတီခေါင်းဆောင်များအပေါ်တွင်လည်းကောင်း ယုံကြည်မှု၊အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ အလုံမြို့နယ် ဂျူဗလီရပ်ကွက် မြောင်းကြီးလမ်း အမှတ် ၁၄ နေ ဒေါ်ကြည်၏ ၆၈နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ လှူဒါန်းစဉ်။ (က–ပ)

ပေါ်တူဂီ၌သစ်တောမီးလောင် မီးသတ်သမားခြောက်ဦးသေဆုံး

လစ္စဘွန်း ဇူလိုင် ၁၁

ပေါ်တူဂီနိုင်ငံတွင် ဇူလိုင် ၉ ရက်က သစ်တောမီးလောင်မှုဖြစ်ပွားရာ မီးသတ်သမားခြောက်ဦး သေဆုံးခဲ့ရကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။ (အပေါ်ပုံ)

အဆိုပါတောမီးမှာ ပေါ်တူဂီနိုင်ငံအလယ်ပိုင်းတွင် ဖြစ်ပွားခြင်းဖြစ်ပြီး ထိန်းချုပ်နိုင်ခဲ့ကြောင်း သို့ရာတွင်မီးလောင်မှုဖြစ်ပွားသဖြင့် ပေါ်တူဂီနိုင်ငံသားတစ်ဦးနှင့် ချီလီနိုင်ငံမှ မီးသတ်သမားငါးဦးတို့ သေဆုံးခဲ့ရကြောင်း ပြောကြားသည်။

တောမီးလောင်ကျွမ်းချိန်တွင် လေပြင်းများတိုက်ခတ်လျက်ရှိကြောင်း ထို့ကြောင့် မီးငြိမ်းသတ်မှုအခက်ခဲဖြစ်ရကြောင်း ပေါ်တူဂီနိုင်ငံပြည်သူ့ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ အကြီးအကဲ ဂီလ်မာတင်ကပြောကြားသည်။

ပေါ်တူဂီနိုင်ငံတွင် ယခင်နှစ်ကလည်း သစ်တောမီးလောင်မှု အကြီးအကျယ် ဖြစ်ပွားခဲ့သေးကြောင်း သိရသည်။

ဆက်လက်လောင်ကျွမ်း

ပြီးခဲ့သည့် နှစ်ရက် ကတည်းက လောင်ကျွမ်းခဲ့သော တောမီးမှာ ဆက်လက်လောင် ကျွမ်းမှုရှိနေဆဲ ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ပါပူဝါနယူးဂီနီ၌ မက်သနောစက်ရုံ တည်ဆောက်မည်

ဝယ်လင်တန် ဇူလိုင် ၁၁

ကမ္ဘာပေါ်တွင် မက်သနောထုတ်လုပ်မှုအကြီးဆုံး ကုမ္ပဏီဖြစ်သည့် ကနေဒါနိုင်ငံရှိ မီသာနက်လုပ်ငန်းက ပါပူဝါနယူးဂီနီနိုင်ငံတွင် မက်သနောစက်ရုံတစ်ရုံ ဖြစ်ထွန်းပေါ်ပေါက်လာရေးကိုဆောင်ရွက်ရန် စိတ်ဝင်စားနေကြောင်း ပြောကြားလိုက်သည်။

ပါပူဝါနယူးဂီနီနိုင်ငံထုတ်နေ့စဉ်သတင်းစာ နေရှင်းတွင် ဖော်ပြထားရာ၌ မီသာနက်ကုမ္ပဏီမှ အာရှပစိဖိတ်ဆိုင်ရာ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဟာဗီးဝေကီ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ပြီးခဲ့သည့် သီတင်းပတ်က စေလွှတ်ခဲ့ကြောင်း၊ ပါပူဝါနယူးဂီနီနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းခဲ့ကြောင်း ရေးသားထားသည်။

ဆွေးနွေး

အဆိုပါ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ပါပူဝါနယူးဂီနီနိုင်ငံတွင် စက်ရုံတည်ဆောက်ရေးအတွက် ဖြစ်နိုင်ဖွယ်ရာရှိသည်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်ဟု ပါပူဝါနယူးဂီနီနိုင်ငံ၏ ရေနံလုပ်ငန်းဝန်ကြီး မိုရီအာဗီက ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။

အကောင်အထည်ဖော်

တွေ့ဆုံညှိနှိုင်းမှုများမှာ ယခုနှစ်တွင် ပြီးဆုံးဖွယ်ရှိကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများ ပြီးဆုံးသွားပါက လုပ်ငန်းများ ချက်ချင်း အကောင်အထည်ဖော်မည် ဖြစ်သည်ဟုလည်း ၎င်းက ပြောကြားသည်။

ပါပူဝါနယူးဂီနီနိုင်ငံ မက်သနောစက်ရုံတည်ဆောက်ရေးကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခြားကိစ္စရပ်များကိုလည်း တံခါးဖွင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

အာဖဂန်၌ ပေါက်ကွဲမှုဖြစ် တစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

မက်ဒရစ် ဇူလိုင် ၁၁

အာဖဂန်နစ္စတန်ရှိ စပိန်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ပီရူးလူမျိုးတစ်ဦးသည် ဇူလိုင် ၈ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးခဲ့ပြီး အခြားလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

တပ်ဖွဲ့ဝင်များ ကင်းလှည့်ထွက်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းပေါက်ကွဲမှုသည် မိုင်းဗုံးသို့မဟုတ် ချိန်ကိုက်ဗုံး ဖြစ်သည်ကို စုံစမ်းစစ်ဆေးနေကြောင်း သူမက ပြောကြားသည်။

သေဆုံး

သေဆုံးသူသည် စပိန်တပ်ဖွဲ့ဝင်အဖြစ် စာရင်းရေးသွင်းထားသော ပီရူးလူမျိုးတစ်ဦးဖြစ်ပြီး ဟီရက်ဒေသရှိ စပိန်-အီတလီ စစ်အခြေစိုက်စခန်းသို့ သယ်ဆောင်သွားစဉ် သေဆုံးခဲ့ခြင်း ဖြစ်သည်။

တာဝန်ထမ်းဆောင်

အာဖဂန်နစ္စတန်ရှိ ကုလသမဂ္ဂတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော စပိန်တပ်ဖွဲ့ဝင် ၆၈၀ ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

ဇမ်ဘီယာနိုင်ငံ၌ မူးယစ်ဆေးမှောင်ခိုသူများဖမ်းမိ

လူဆာကာ ဇူလိုင် ၁၁

ဇမ်ဘီယာနိုင်ငံ၌ မကြာသေးမီက ငွေကြေးခဝါချသူ ဇမ်ဘီယာနိုင်ငံသား ၁၄ဦးနှင့် မူးယစ်ဆေးဝါး မှောင်ခိုသူ ၃၁ ဦးအား ဖမ်းဆီးလိုက်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ပြောကြား

ရဲအဖွဲ့က ငွေကြေးခဝါချသူ ၁၄ဦးအား ဇမ်ဘီယာငွေအတု ၇ဒသမ ၀၈၂ သန်း(အမေရိကန်ဒေါ်လာ၂သန်း)အပါအဝင် အတုလုပ်သည့် ပစ္စည်းများကိုပါ ဖမ်းဆီးရမိကြောင်း ရဲတပ်အဖွဲ့က ပြောကြားသည်။

ဖမ်းဆီး

အခြားလူ ၂၀ကို မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုဖြင့် ဇမ်ဘီယာ အနောက်မြောက်ပိုင်း ပြည်နယ်၌ ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။

အမ်အင်အင်၊ဆင်ဟွာ

တောင်ကိုရီးယား၌ ရေလွှမ်းမိုး

ဆိုးလ် ဇူလိုင် ၁၁

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အရှေ့တောင်ပိုင်းရှိဒေသများတွင် အပူပိုင်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ကြောင်း မိုးလေဝသဌာနက ဇူလိုင် ၁၀ရက်တွင် ကြေညာခဲ့သည်။

တိုက်တွန်း

ယင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခံရမှုကြောင့် ဆိုးလ်မြို့ အရှေ့တောင်ပိုင်းဒေသများရှိ ကျောင်းပေါင်းများစွာကို ပိတ်ထားရန်နှင့် လေယာဉ်ခရီးစဉ်များ ပယ်ဖျက်ပစ်ရန် ဒေသဆိုင်ရာ အာဏာပိုင်များက တိုက်တွန်းခဲ့သည်။

ပြောကြား

မုန်တိုင်းတိုက်ခတ်ပြီး ရေလွှမ်းမိုးမှုကြောင့်လူလေးဦးသေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အရှေ့တောင်ပိုင်းတွင် အပူပိုင်း မုန်တိုင်းကြောင့် ရေလွှမ်းမိုးနေသည်ကို ဇူလိုင် ၁၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘူလ်ဂေးရီးယား၌ ရှေးဟောင်းမြို့တစ်မြို့တူးဖော်တွေ့ရှိ

ဆိုဖီယာ ဇူလိုင် ၁၁

ဘူလ်ဂေးရီးယားနိုင်ငံအလယ်ပိုင်း ကာလိုဗိုအရပ်တွင် ရှေးဟောင်းမြို့တစ်မြို့ကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြသည်ဟု ပြည်တွင်းမီဒီယာများက ဇူလိုင် ၉ရက်၌ ဖော်ပြသည်။

အဆိုပါ သရာစီရန်မြို့ဟောင်းကို မြေအောက်၌ တူးဖော်တွေ့ရှိခြင်းဖြစ်ပြီး ကြိုတင်ခန့်မှန်းမှုအရ ၎င်းမြို့ဟောင်းသည် ဘီစီငါးရာစုခန့်က တည်ထောင်ခဲ့သော မြို့တစ်မြို့ဖြစ်သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။ ဘီစီငါးရာစုခန့်က တန်ခိုးကြီးထွားခဲ့သော ရှေးခေတ်ဘုရင်တစ်ပါး၏ လက်အောက်ခံမြို့တစ်မြို့ဖြစ်ဖွယ်ရှိကြောင်းလည်း သုတေသနပညာရှင် များက ပြောကြားသည်ဟု မီဒီယာများကဖော်ပြသည်။

အဆိုပါမြို့ဟောင်းအတွင်း ဂရိတို့၏ ရှေးခေတ်အိုးများကို တွေ့ရှိရကြောင်း၊ ၎င်းအိုးများမှာ ရှေးခေတ်ပိုင်အရက်များထည့်ရာတွင် အသုံးပြုသည့် အိုးများဖြစ်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မနီလာဆင်ခြေဖုံး၌မီးလောင် လူ ၅၀၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ရ

မနီလာ ဇူလိုင် ၁၁

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်မှ ဆင်ခြေဖုံးဆင်းရဲသားရပ်ကွက် တနင်္လာနေ့က မီးလောင်သဖြင့် လူ ၅၀၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်သွားကြောင်း၊ တစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရသွားကြောင်း မီးသတ်နှင့်ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။**(အောက်ပုံ)**

မနီလာမြို့တော် မြောက်ပိုင်း ဆင်ခြေဖုံးရှိ မာလာကုန်ရပ်ကွက် အတွင်းသို့ မီးသတ်ကားများ မဝင်နိုင်ဟုဆိုသည်။ ထိုနေ့နံနက် ၄ နာရီခွဲတွင် စတင်လောင်ကျွမ်းသည့်မီးသည် သုံးနာရီကြာမှ မီးညွန့်ကျိုးသွားကြောင်းသိရသည်။ မည်သည့်အတွက်ကြောင့် မီးလောင်ကျွမ်းသည်ကို မသိရသေးဟုဆို၏။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

ထိုင်းနှင့်ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား နယ်စပ်စစ်ဆေးရေးဂိတ် ဖွင့်လှစ်မည်

ဖနံကောက် ဇူလိုင် ၁၁

ထိုင်းနှင့်ကမ္ဘောဒီးယားတာဝန်ရှိသူများသည် ဇူလိုင် ၇ရက်က ထိုင်းနိုင်ငံတောင်ပိုင်း ဖူးကတ်အပန်းဖြေစခန်း၌ နှစ်ရက်ကြာတွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် နှစ်နိုင်ငံအကြား နယ်စပ်အနီးစစ်ဆေးရေးဂိတ်သစ် ဖွင့်လှစ်သွားရန် သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံစလုံးက ထိုင်းအရှေ့ပိုင်း ထရက်ပြည်နယ်နှင့် ကမ္ဘောဒီးယားနိုင်ငံဘတ်တန်ဘန်းပြည်နယ်အကြား ဘန်ဘော်ရိုင်းဒေသ၌ နယ်စပ်စစ်ဆေးရေးဂိတ်ဖွင့်လှစ်ရန် သဘောတူညီခဲ့ကြောင်း တတိယအကြိမ် ထိုင်း-ကမ္ဘောဒီးယားပူးတွဲ နယ်ခြားကော်မတီ အစည်းအဝေး၌ ထိုင်းအဖွဲ့ကို ဦးဆောင်သည့် ပြည်ထဲရေးဝန်ကြီးကောင်ဆက်ဝမ်သာနာက ပြောကြားသည်။

သန္နိဋ္ဌာန်ချ

ယင်းပူးတွဲကော်မတီက နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးရေးနှင့် ဒေသနှစ်ခု အစိုးရများအကြား မှုခင်းသတင်းများ အပြန်အလှန်ဖလှယ်ရန် ပူးပေါင်း လုပ်ဆောင်ခြင်းကိုလည်း တိုးချဲ့သွားရေးအတွက် သန္နိဋ္ဌာန်ချထားသည်ဟု ဆိုသည်။

ခွင့်ပြုထား

လောလောဆယ်တွင် ထိုနယ်စပ်ဒေသနှစ်ဖက်မှ ခရီးသွားများနှင့် အလုပ်သမားများအား ကလောင်လိခ်ပွိုင်ပက် အမြဲတမ်းစစ်ဆေးရေးဂိတ်မှ ဝင်ထွက်သွားလာခွင့် ပြုထားသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ဓာတ်ငွေ့အဆိပ်မိ၍ လူ ၁၆၄ဦး ဆေးရုံပို့

ပေကျင်း ဇူလိုင် ၁၁

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၌ သံချေးတက်နေသောပိုက်မှ ကလိုရင်းဓာတ်ငွေ့များ ယိုစိမ့်ခဲ့ရာ လူ ၁၆၄ ဦးအား ဆေးရုံတင်ပို့လိုက်ရကြောင်း ဆင်ဟွာသတင်းဌာနက ဇူလိုင် ၁၀ ရက်၌ ဖော်ပြသည်။

ယင်းဖြစ်ရပ်မှာ အတွင်းမွန်ဂိုလီးယားနယ်စပ် နင်ရှာဟိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော်ရင်ချွမ်မြို့ရှိ ဓာတုဗေဒ စက်ရုံတစ်ရုံ၌ ဇူလိုင် ၉ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဗင်နီဇွဲလားနှင့် ကိုလံဘီယာ

သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်း

ကာရာကတ် ဇူလိုင် ၁၁

ဗင်နီဇွဲလားနှင့် ကိုလံဘီယာနိုင်ငံတို့သည် ဗင်နီဇွဲလားအနောက်ပိုင်း ဇူလီယာဒေသ၌ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်ခုသွယ်တန်းခြင်းကို ဇူလိုင် ၉ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

ယင်းပိုက်လိုင်း တည်ဆောက်ခြင်းအခမ်းအနားကို ဗင်နီဇွဲလား သမ္မတ ဟူဂိုချာဗက်ဇ်နှင့် ကိုလံဘီယာသမ္မတ အယ်ဗာရိုယူရီဘီနှင့် ပနားမားသမ္မတ မာတင်တော်ရီဂျို့စ်တို့ တက်ရောက်၍ အခမ်းအနားအား ဖွင့်လှစ်ပေးခဲ့သည်။

ဆက်သွယ်

ယင်းပိုက်လိုင်းသည် ကီလိုမီတာ ၂၂၅ရှည်ပြီး ကိုလံဘီယာနိုင်ငံ၏ သဘာဝဓာတ်ငွေ့ လုပ်ကွက်ဖြစ်သော လာဂူဂျီးရာဌာနနှင့် ဗင်နီဇွဲလား ဇူလီယာရှိမာရာကိုင်ဘိုမြို့တို့သို့ဆက်သွယ်ဖောက်လုပ်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တွေ့ဆုံနှုတ်ဆက်

ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ခြင်း အခမ်းအနားတွင် ဗင်နီဇွဲလား သမ္မတ ဟူဂိုချာဗက်ဇ်(ယာ)နှင့် ဧည့်သည်တော် သမ္မတတို့ တွေ့ဆုံနှုတ်ဆက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လူနာတစ်ဦးထံမှ ကျောက်ကပ်ခိုးယူမှုဖြင့် ပါကစ္စတန်ဆရာဝန်တစ်ဦး ဖမ်းဆီးခံရ

ကရာချိ ဇူလိုင် ၁၁

သည်းခြေအိတ်ထုတ်ပစ်ရန် ခွဲစိတ်ကုသမှုခံယူသည့် လူနာတစ်ဦးထံမှ ကျောက်ကပ်ခိုးယူခဲ့သည်ဆိုသော ခွဲစိတ်ကုဆရာဝန်တစ်ဦးအား ပါကစ္စတန်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ဇူလိုင်၈ရက်၌ ကြေညာသည်။

မိုဟာမက်ခါရှစ်ဆိုသူက မေ ၇ ရက်တွင် သည်းခြေအိတ်ခွဲစိတ်ထုတ်ယူရန် ခွဲစိတ်ကုသမှုခံယူပြီးနောက် ကျောက်ကပ်တစ်လုံးကိုပါ ခိုးယူခံလိုက်ရကြောင်း ရဲတပ်ဖွဲ့သို့ တိုင်ကြားသည်။

ရဲတပ်ဖွဲ့က ကရာချိမြို့မှ အဆိုပါခွဲစိတ်ကုဆရာဝန်ကို သောကြာနေ့က ဖမ်းဆီးလိုက်သည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး အီရတ်၌ လူသတ်မှုဖြင့် တရားစွဲဆိုခံရ

ဘဂ္ဂဒက် ဇူလိုင် ၁၁

အီရတ်အမျိုးသမီးတစ်ဦးအား ဗလက္ကာရပြုပြီး သတ်ဖြတ်မှုနှင့် ၎င်းအမျိုးသမီး၏မိသားစုဝင်သုံးဦးအား သတ်ဖြတ်မှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးအား တရားစွဲဆိုလိုက်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ဇူလိုင် ၉ရက်တွင် ပြောကြားသည်။

ဖော်ပြ

ပဉ္စမမြောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား ယင်းကိစ္စနှင့် ပတ်သက်၍ သတင်းပေးပို့ရန် ပျက်ကွက်မှုဖြင့် တရားစွဲဆိုထားခဲ့သည်။ သို့သော် ၎င်းသည် ယင်းကိစ္စတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခဲ့မှုမရှိကြောင်း အမေရိကန်စစ်ဘက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

စုံစမ်းစစ်ဆေး

အစီရင်ခံစာတွင် တရားစွဲဆိုထားသော တပ်ဖွဲ့ဝင်များ၏ အမည်ကို ဖော်ပြထားခြင်း မရှိပေ။

၎င်းတပ်ဖွဲ့ဝင်ငါးဦးသည် နောက်ထပ် စုံစမ်းစစ်ဆေးမှုများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဖရဲသီးနှစ်လုံးဆင့် ခေါင်းပေါ်တင်ပြသူ

ဖရဲသီးနှစ်လုံးဆင့်၍ ခေါင်းပေါ်၌ တင်ပြနေသူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

ပါလက်စတိုင်းနိုင်ငံ အနောက်ဘက်ကမ်း ရာမာလာမြို့တွင် ဖရဲသီးရောင်းသူတစ်ဦးက ဝယ်သူများအားဆွဲဆောင်သည့်အနေဖြင့် ဖရဲသီးကြီးနှစ်လုံးကို ခေါင်းပေါ်တင်၍ ဟန်ချက်ညီထိန်းပြနေခြင်းဖြစ်သည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံးဘေ့စ်ဘော

ကမ္ဘာ့အကြီးဆုံးဘေ့စ်ဘောကြီးကို တွေ့ရစဉ်။(ဝဲပုံ)

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ပစ်စဘာ့မြို့တွင် ဇူလိုင် ၁၁ရက်က ကျင်းပသည့် နာမည်ကြီးဘေ့စ်ဘောသမားများ၏ ဘေ့စ်ဘောပြိုင်ပွဲ အထိမ်းအမှတ်အဖြစ် ပြုလုပ်ပြသထားခြင်းဖြစ်သည်။

(အင်တာနက်)

ကန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့ပစ်ခတ်၍ ကျူးဘားနိုင်ငံသားတစ်ဦးသေဆုံး

မီရာမီ ဇူလိုင် ၁၁

အမေရိကန် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့၏ ပစ်ခတ်ခံရမှုကြောင့်တရားမဝင် ဝင်ရောက်လာသူ ကျူးဘားနိုင်ငံသား တစ်ဦးခေါင်းတွင်ရရှိသော ဒဏ်ရာဖြင့် သေဆုံးသွားခြင်း ဖြစ်နိုင်ကြောင်း အမေရိကန်မှ တာဝန်ရှိသူများက ဇူလိုင်၉ရက်တွင် ပြောကြားသည်။ အမေရိကန် နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူ၃၁ဦးကို တင်ဆောင်လာသည်ဟု ယူဆရသော စပိဘုတ် ရေယာဉ်တစ်စင်းကို အမေရိကန် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က လိုက်လံ ဖမ်းဆီးစဉ် ယင်းရေယာဉ်ရပ်တန့်သွားစေရန် အင်ဂျင်စက်ကို ပစ်ခတ် တိုက်ခိုက်ခဲ့သည်ဟု ယင်းတပ်ဖွဲ့မှ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦး အပါအဝင် တရားမဝင် ဝင်ရောက်လာသူ သုံးဦးသည် ရရှိသော ဒဏ်ရာ များကြောင့် ဆေးဝါးကုသမှုခံယူရန် လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပြီး အမျိုးသမီးသည် မျက်နှာတွင် ပွန်းပဲ့ဒဏ်ရာနှင့်ခေါင်းတွင် ရရှိသော ပြင်းထန်သည့် ဒဏ်ရာ ကြောင့် ဆေးရုံသို့ ပို့ဆောင်စဉ်အတွင်းသေဆုံး ခဲ့ခြင်းဖြစ်ကြောင်းရိုက်တာသတင်းတွင်ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

အမျိုးသားဥယျာဉ်ကြီးအတွင်း မြန်မာ့သစ်ခွမျိုး ၁၈၆ မျိုးစိုက်ပျိုး သစ်ခွမျိုးများစုဆောင်းပြီး ဥယျာဉ်ကြီးတစ်ခု ဒီဇင်ဘာလ မတိုင်မီတည်ဆောက်

ရန်ကုန် ဇူလိုင် ၁၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ National Landmarks Garden တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်း

ထို့နောက်ဝန်ကြီးကတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများအား National Landmarks Garden ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တည်ဆောက်နေခြင်းဖြစ်ပြီး ဥမင်လိုဏ်ဂူများ၊ အဆောက်အအုံများကို ခိုင်ခိုင်ညားညားသပ်သပ်ရပ်ရပ်တည်ဆောက်ရန်လိုကြောင်း၊ လှည့်လည်ကြည့်ရှုရန် လမ်းများကို ကွန်ကရစ်အခင်း ခင်းရန်လိုကြောင်းနှင့် သစ်ပင်ကြီးများ ရွှေ့ပြောင်း စိုက်ပျိုးရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားကန်တော်ကြီး ဥယျာဉ်သို့ ရောက်ရှိလာရာ သစ်တောရေးရာဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် Wood Land ကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းအောင်က ဥယျာဉ်အတွင်း လိုက်လံရှင်းလင်းပြသသည်။ ရှေးဦးစွာ ဝန်ကြီးက မြန်မာ့သစ်ခွဥယျာဉ်အတွင်း စိုက်ပျိုးထားသည့် မြန်မာ့သစ်ခွမျိုး ၁၈၆ မျိုးကို ကြည့်ရှုပြီး သစ်ခွမျိုးများ ထပ်မံစုဆောင်းပြီး သစ်ခွဥယျာဉ်ကြီးတစ်ခုကို ဒီဇင်ဘာလမတိုင်မီ တည်ဆောက် ရေးမှာကြားသည်။ ထို့နောက် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုသည်။ ဆက်လက်၍ ဝန်ကြီးသည် သဘာဝငှက်ဥယျာဉ်အတွင်း လှောင်အိမ်များဖြင့်မွေးထားသည့်ငှက်များနှင့် သဘာဝအတိုင်း သွားလာနေကြသည့် ငှက်များကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

သင်ကြားပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ သစ်တောကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့်နည်းပြအရာရှိများအားမှာကြားရာတွင် မြန်မာနိုင်ငံ သစ်တောကျောင်းသည် သစ်တောရေးရာဝန်ကြီးဌာနရှိ အခြားအဆင့်ဝန်ထမ်းများကို ရွေးချယ်၍ အရည်အချင်းတိုး တက်လာအောင် သင်ကြားပေးပြီး အဆင့်တိုးပေးသည့် သင်တန်းကျောင်းဖြစ်ကြောင်း၊ကျောင်းသားများ အရည်အချင်းပြည့်ဝရန်အတွက်သင်ရိုးညွှန်းတမ်းများ အမြဲတမ်း ခေတ်မီအောင် ပြုစုဆောင်ရွက်ခြင်း၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံခြင်းနှင့်အရည်အချင်းပြည့်ဝသော နည်းပြဖြစ်ရန်လိုအပ်ကြောင်း မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်း

ရန်ကုန် ဇူလိုင် ၁၁

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဗဟုဇနဟိတရေ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယကောဝိဒသာသနဇောသိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် ၅ ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇူလိုင် ၁၄ ရက်မှ ၂၃ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈ သို့ဖြစ်စေ ဇူလိုင် ၁၃ ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(က-ပ)

ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ငွေများလှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ဦးကြည်ဝင်း (တွဲဖက်အတွင်းရေးမှူး၊ ငြိမ်း)-ဒေါ်ရီလေးချို လေဆိပ်လမ်းမင်္ဂလာဒုံ ရန်ကုန်မိသားစုက USD ၁၀၀ နှင့် ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေမိသားစုက အလှူတော်ငွေကျပ် ၂၇၇၁၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေ ဝယ်ယူရန်အတွက် ကွယ်လွန်သူ အဘိုးအဘွားဆွေမျိုးများနှင့် ဖခင် ဦးလှစိန်-မိခင် ဒေါ်သန်းတင်တို့အား ရည်စူး၍ သားသမီးမြေးမြစ်တစ်စု အမှတ် ၄၂ ကြိတ်တန်းလမ်း ကြည့်မြင်တိုင် မိသားစုက အလှူတော်ငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော်အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း၊ (မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ဒေါ်ခင်ဝ၊ သား မောင်တင်ဝေ-မတင်တင်အေး၊ မြေး မောင်ဖြိုးကျော်-မမြသန္တာ ဗဟိုရ်စည် အိမ်အမှတ် ၄၉ အခန်း ၆ ဗဟိုရ်စည်အိမ်ရာ လမ်းမတော် မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဓမ္မာစရိယ (B.A) အရှင်ကောသလ္လ (မြန်အောင်)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

နျူကလီးယားစွမ်းအင်စက်ရုံများ လူနှင့်သဘာဝတို့ ကျန်းမာရေးထိခိုက်နိုင်

နျူကလီးယားစွမ်းအင်စက်ရုံများသည် ကမ္ဘာကြီးပူနွေးလာမှုကို ပိုမိုတွန်းအားပေးကြောင်းနှင့် နျူကလီးယားစွမ်းအင်လုံခြုံမှုကို ထိန်းသိမ်းရာတွင်လည်း အခက်အခဲရှိစေကြောင်း သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ဆိုးကျိုးများ

ကမ္ဘာ့နိုင်ငံများတွင် နျူကလီးယား စွမ်းအင်သုံးစက်ရုံများတည်ဆောက်လာမှုကို ဦးစားပေးဆောင်ရွက်လာသည့်အချိန်၌ နျူကလီးယားစွမ်းအင်စက်ရုံများ၏ ဆိုးကျိုးများကို လန်ဒန်သုတေသနပညာရှင်များက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အန္တရာယ်

နျူကလီးယားစွမ်းအင်သုံး စက်ရုံများမှ စွန့်ပစ်ပစ္စည်းများမှာလည်း ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် လူ၊ သတ္တဝါတို့ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေကြောင်း၊ ထို့အပြင် နျူကလီးယားစွမ်းအင်သုံး စက်ရုံများ၏ မတော်တဆဖြစ်ရပ်များမှာ အခြားစက်ရုံများ၏ မတော်တဆဖြစ်ရပ်များထက် အန္တရာယ်ကြီးမားကြောင်း ၎င်းတို့က ပြောကြားသည်။

စွမ်းအင်

သို့ရာတွင် နျူကလီးယား စွမ်းအင်သုံးစက်ရုံများသည် စီးပွားရေးအရ တွက်ခြေကိုက်ကြောင်း၊ ကမ္ဘာ့ရာသီဥတုပူနွေးလာမှုကို ပိုမိုမြင့်တက်စေသည်မှာလည်း တိကျသော အထောက်အထားမရှိကြောင်း ကမ္ဘာ့နျူကလီးယား စွမ်းအင်သုံး လုပ်ငန်းများဆိုင်ရာ အတွင်းရေးမှူး အလီစတီးရာဒါလင်က ပြောကြားသည်။

ထို့အပြင် လိုအပ်နေသော လောင်စာဆီစွမ်းအင်ကို ဖြည့်ဆည်း ပံ့ပိုးပေးရာရောက်ပြီး သဘာဝစွမ်းအင် အရင်းအမြစ်များ အလျင်အမြန်လျော့ပါးသွားနေမှုကိုလည်း ဟန့်တားပေးနိုင်ကြောင်းလည်း ၎င်းကပြောကြားသည်။

ရာသီဥတု

သို့သော်လည်း နျူကလီးယားစွမ်းအင်သုံးစက်ရုံများ ပိုမိုတည်ဆောက်ရန် ကြိုးစားနေခြင်းသည် လူတို့၏ ကျန်းမာရေးနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း လန်ဒန်ရှိ သုတေသနပညာရှင်များက အခိုင်အမာ ပြောကြားထားသည်။

(ကိုးကား-အင်တာနက်)



အင်တာနက် သတင်း နှင့် ဓာတ်ပုံ များ

ဥပဒေမဲ့ဖမ်းဆီး၍ တူနာခေါ် ငါးမည်းလုံးများ ရှားပါးလာ

တူနာခေါ် ငါးမည်းလုံးများကို ဥပဒေမဲ့ဖမ်းဆီးနေကြသည့်အတွက် အရှေ့အတ္တလန္တိတ်နှင့် မြေထဲပင်လယ်ဒေသတို့တွင် ပျောက်ကွယ်ရှားပါးနေပြီဖြစ်ကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (ဒဗလျူဒဗလျူအက်ဖ်)၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

လျှော့ပေါ့ဖမ်းဆီး

ဂျီဘရော်တာရေလက်ကြားမှ တူနာငါးများကို ဖမ်းနေကျတံငါသည်များသည် ၁၉၉၀ ပြည့်လွန်နှစ်များနှင့် နှိုင်းစာလျှင် လွန်ခဲ့သည့်သုံးနှစ်အတွင်း၌ ၈၀ ရာခိုင်နှုန်းအထိ လျှော့ပေါ့ဖမ်းဆီးကြကြောင်း အစီရင်ခံစာ၌ ထည့်သွင်းဖော်ပြထားသည်။

ဝယ်လိုအား

အင်္ဂလန်ကုန်ပဒေသာဆိုင်များနှင့် စားသောက်ဆိုင်များတွင် အရောင်းသွက်နေသည့်အတွက် တူနာငါးများမှာ ဗြိတိန်နိုင်ငံ၌ ဝယ်လိုအားကောင်းနေသည်။

ပျက်ကွက်မှု

ငါးဖမ်းသင်္ဘောများက ခွဲတမ်းထက်ပိုဖမ်းပြီး ဖမ်းမိတူနာငါးများ မည်မျှဖမ်းဆီးသည်ကို သက်ဆိုင်ရာသို့ အစီရင်ခံရန် ပျက်ကွက်မှုအချို့ရှိကြောင်း ဒဗလျူဒဗလျူအက်စ်က ကြေညာသည်။

ဂျပန်နိုင်ငံနှင့် အခြားဒေသများ၌ ကုန်သည်များက ဈေးကြီးပေးဝယ်လျက်ရှိနေပြီး မြေထဲပင်လယ်တစ်ကြောတွင် ငါးဖမ်းကွက် အတိုင်းအဆမရှိ တိုးချဲ့နေသည့်အတွက် တူနာငါးဖမ်းမှုမှာ ထိန်းမနိုင်သိမ်းမရဖြစ်နေသည်ဆို၏။ **(ကိုးကား-အင်တာနက်)**

စုပေါင်းရေစက်ချအလှူ

ရန်ကုန် ဇူလိုင် ၁၁

ဟိတေသီအဖွဲ့၏ (၁၄)ကြိမ်မြောက်နှင့်(၁၅)ကြိမ်မြောက် ပဒေသာပင် အပင် ၂၀၀၀ ရေစက်ချပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက် (ဇူလိုင် ၁၆ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မဟာစည် သာသနာ့ရိပ်သာ ဟိတေသီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ မပျက်မကွက် ကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

❒ *ကျောဖုံးမှ*

ပထမဦးစွာ မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ(အင်းစိန်)မှ စက်ရုံ(၁) စက်မှု အလုပ်ရုံစုမှူး ဦးညီညီအောင်က “ဒီစက်ရုံမှာ မြင်းကောင်ရေ ၉၀၀အားရှိသော စက်ခေါင်းအကြီး ၁၀စင်း၊ သာရဝေါနဲ့ ကြည့်မြင်တိုင်အကြား ပြေးဆွဲနေသည့် လော်ကယ်ရထားနှစ်စင်းနှင့် ဂျပန် Rail Bus ဖြင့် ပြေးဆွဲနေသော မြို့ပတ်ရထားခြောက်စင်းတို့ကို နေ့စဉ်ပြင်ဆင်မှုများနှင့် ကြံ့ခိုင်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း” မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြို့ပတ်ရထားများကို နေ့စဉ်စစ်ဆေးရာတွင် သတ်မှတ်ထားသော ကျွမ်းကျင်ဝန်ထမ်းများက စက်ခေါင်းဆီလိုင်း၊ ချောဆီလိုင်း၊ ရေလိုင်း၊ လေလိုင်း(လေဘရိတ်နှင့် မှန်ရေသုတ်)နှင့် ဟွန်းလိုင်းများကို စစ်ဆေးပေးကြသည်။

ရထားဘီးများ

ထို့အပြင် မြို့ပတ်စက်ခေါင်း အစိတ်အပိုင်းများ၊ ရထားဘီးများ၊ ဘရိတ်တုံးများနှင့် ဘရိတ်ကိရိယာများကိုလည်း နေ့စဉ်စနစ်တကျ စစ်ဆေးပြုပြင်ပေးလျက် ရှိကြောင်း ဦးညီညီအောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

စက်ခေါင်းများကို ပြင်ဆင်ရာတွင် မြို့ပတ်ရထားစက်ခေါင်းမောင်းသူက စက်ခေါင်းပြုပြင်မှုမှတ်တမ်းစာအုပ်တွင် မှတ်တမ်းရေးသွင်းရပြီး လမ်းခရီးမောင်းနှင်စဉ် မည်သို့ထူးခြားသည်၊ မည်သို့ဖြစ်ပျက်ခဲ့သည်များကို စနစ်တကျမှတ်တမ်းတင်ကာ တာဝန်ကျ ဝန်ထမ်းများက အဆိုင်းအလိုက် ပြုပြင်ပေးကြသည်။

မွမ်းမံပြင်ဆင်

မြို့ပတ်ရထားများ စက်ရုံအတွင်း ပြင်ဆင်မှု၊ထားရှိမှုများနှင့်ပတ်သက်၍ ဦးညီညီအောင်က “နေ့စဉ်ခေါက်ပြန်စစ်ဆေးမှု M1၊ စက်ခေါင်း နာရီ ၂၅၀ မောင်းပြီးတိုင်း အချို့အစိတ်အပိုင်းများကို ဖြုတ်တပ် စစ်ဆေးမှု၊ M2၊ နာရီ ၅၀၀ ပြည့်လျှင် M3 ပြင်ဆင်မှုဖြစ်သည့် ချောဆီအသစ်လဲပေးရခြင်း၊ နေ့ပိုင်းမစစ်ဆေးနိုင်မှုများကိုစစ်ဆေးပေးခြင်း၊ စက်ခေါင်းမောင်းချိန် နာရီ ၅၀၀ ပြည့်တိုင်း စက်ခေါင်းအတွင်းရှိ စက်ကိရိယာ အစိတ်အပိုင်းများကို အသေးစိတ် စစ်ဆေးခြင်း ပြုလုပ်ပြီး မွမ်းမံမှုများ၊ ပြင်ဆင်မှုများ ပြုလုပ်ကြောင်း သိရသည်။ စက်ခေါင်းမောင်းချိန် နာရီ ၁၀၀၀ ပြည့်လျှင် M4 အဆင့် ပြင်ဆင်မှုအဖြစ် အချိန်ပိုပြီးယူကာ အနုစိတ် ပြင်ဆင်မှုများ ပြုလုပ်ကြောင်းလည်း သိရသည်။

ထို့အတူ မြို့ပတ်ရထားတွဲများ၏ သန့်ရှင်းရေးကို သန့်ရှင်းရေးအလုပ်သမားများက တွဲများ၏ အတွင်းအပြင် ရေဆေးခြင်း၊ အမှိုက်သိမ်းခြင်းများကို ရထားတွဲတိုင်း စနစ်တကျပြုလုပ်ပေးလျက်ရှိရာ နေ့စဉ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ မြို့ပတ်ရထားစက်ခေါင်းများနှင့် တွဲများကြံ့ခိုင်မှု၊ သန့်ရှင်းမှုများကို နေ့ခင်းမြို့ပတ်ရထားများ ပြေးဆွဲချိန်မပြုလုပ်ဘဲ ည၁၀နာရီမှ စတင်၍ ဝန်ထမ်းများက တစ်ညလုံးဆောင်ရွက်ပေးခြင်း ဖြစ်သည်။ မြို့ပတ်ရထားစက်ခေါင်းများနှင့် တွဲများသည် ည ၁၀နာရီခန့်တွင် မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ(အင်းစိန်)သို့ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ရန်ဝင်လာကြကြောင်း သိရသည်။

စစ်ဆေးပြင်ဆင်

ထို့အပြင် မြို့ပတ်ရထားစက်ခေါင်းများ အကြီးစားပြင်ဆင်မှု လိုအပ်လာပါက အင်းစိန်စက်ခေါင်း စက်ရုံသို့ ပို့ပြီးပြင်ဆင်ကြောင်း၊ စက်ခေါင်းတစ်ခေါင်း နာရီပေါင်း၁၂၀၀မောင်းပြီးတိုင်း အင်းစိန်စက်ခေါင်းစက်ရုံသို့ ပို့ပြီး စစ်ဆေးပြင်ဆင်မှု ပြုလုပ်ကြောင်းလည်း ဦးညီညီအောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ (အင်းစိန်)သည် မီးရထား ၁၀စင်းတစ်ပြိုင်နက်တည်း ထည့်သွင်းပြင်ဆင်နိုင်ပြီး ယခုလောလောဆယ်တွင် ဂျပန် Rail Bus ရထားတွဲများ၊ ရိုးရိုးတွဲဆိုင်းသုံးဆိုင်းနှင့် မြို့ပတ်ရထားစက်ခေါင်းများကို သိမ်းဆည်းနိုင်ပြီး ကျန်ရထားတွဲများကို အင်းစိန်ဘူတာတွင် သိမ်းဆည်းကြောင်း၊ နံနက်ပိုင်းတွင် စက်ရုံအတွင်းမှ ပြန်ထုတ်ကာ ပြေးဆွဲခြင်းဖြစ်ကြောင်းလည်းသိရသည်။

မြို့ပတ်ရထားအင်ဂျင်စက်ခေါင်းပိုင်းသန့်ရှင်းရေး၊ စက်ကိရိယာအစိတ်အပိုင်းများစစ်ဆေးပြင်ဆင်မှုကို စက်မှုနှင့်လျှပ်စစ်ဝန်ထမ်းများက သီးခြားဆောင်ရွက်ပေးကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းမှာ စက်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်မှုသာ ပြုလုပ်ပေးနိုင်ခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။

ပုံမှန်ပြေးဆွဲနိုင်ရေး

ထို့ကြောင့် ရန်ကုန်မြို့တွင်ပြေးဆွဲနေသော မြို့ပတ်ရထားများ နေ့စဉ်ပုံမှန်ပြေးဆွဲနိုင်ရေးတွင် အဓိကနေရာမှ ပြုပြင်မွမ်းမံမှုများနှင့် သန့်ရှင်းသပ်ရပ်မှုများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည့်မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ(အင်းစိန်)၏ တာဝန်ယူလုပ်ဆောင်မှုများအား ပြည်သူများသိရှိရန် ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ(အင်းစိန်)မှ စက်ရုံ(၁) စက်မှုအလုပ်ရုံစုမှူး ဦးညီညီအောင်က မြို့ပတ်ရထား စက်ခေါင်းများ၊ တွဲများပြုပြင်မွမ်းမံမှုနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပုံကို မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး
(မြန်မာ့အလင်း)

မြို့ပတ်ရထား စက်ခေါင်းတစ်ခုကို ကျွမ်းကျင် ဝန်ထမ်းများက စက်ပိုင်းဆိုင်ရာများ စစ်ဆေးမှု ပြုလုပ်နေကြစဉ်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး
(မြန်မာ့အလင်း)

မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ(အင်းစိန်)အတွင်း ညပိုင်း သိမ်းဆည်းထားသော မြို့ပတ်ရထားများကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး
(မြန်မာ့အလင်း)

ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထား၊ ဦးတည်ချက်(၁၂)ရပ်နှင့်အညီ တိုင်းကျိုးပြည်ပြုလုပ်ငန်းဆောင်ရွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး အသင်းဝင်များ ရှေ့တန်းကနေရာယူ စည်းရုံးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ တနင်္သာရီတိုင်းအတွင်းရှိ စာသင်ကျောင်းများအတွက် စာသင်ခုံများလှူဒါန်းပွဲကို ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီက မြိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်း တာဝန်ခံ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့ တက်ရောက် အဖွင့်အမှာစကား ပြောကြားကြသည်။

လှူဒါန်း

ထို့နောက် တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ နယ်မြေခံ စေတနာရှင် ပြည်သူလူထုက စုပေါင်းလှူဒါန်းသော ငွေကျပ် ၇၅ သိန်းတန်ဖိုးရှိ လေးယောက်ထိုင်စာသင်ခုံ အစုံ ၅၀၀ ကို တိုင်းအသင်းနာယက တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ကလက်ခံ၍ သက်ဆိုင်ရာ ခရိုင်ပညာရေးမှူးများအား လွှဲအပ်လှူဒါန်းသည်။

အမှာစကားပြောကြား

ဆက်လက်၍ မြိတ်တက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲ အခမ်းအနားကို မြိတ်တက္ကသိုလ် ခန်းမဆောင်၌ ကျင်းပရာ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်း တာဝန်ခံ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း **(အပေါ်ပုံ)**တို့ တက်ရောက် အဖွင့်အမှာစကား ပြောကြားကြသည်။

အသင်းဝင်အဆိုပြုလွှာပေးအပ်

ထို့နောက် မြိတ်တက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဦးသိန်းအောင်က မြိတ်တက္ကသိုလ် ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူများ၏ အသင်းဝင်ဖြစ်ပြီး အခြေအနေ၊ အသင်းဝင်အဆိုပြုထားမှုအခြေအနေနှင့် စည်းရုံးလှုပ်ရှားဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အသင်းဝင် အဆိုပြုလွှာ ၆၆၃စောင်ကို တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်ဌေးအား ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး တိုင်း၊ ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင်နှင့် စည်းရုံးရေးမှူးများ၊ အသင်းဝင်များအားတွေ့ဆုံ၍ ဒို့တာဝန်အရေး(၃)ပါး ဦးထိပ်ထားကာ ဦးတည်ချက်(၁၂)ရပ်နှင့်အညီ တိုင်းကျိုးပြည်ပြုလုပ်ငန်းများဆောင်ရွက်ရေး၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းဝင်များရှေ့တန်းကနေရာယူကာ စည်းရုံးလှုပ်ရှားဆောင်ရွက်ရေး အခြေအနေများ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ တနင်္သာရီတိုင်း ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များ၊ အအေးခန်းနှင့် ရေခဲစက်ကုမ္ပဏီများ၊ ရေလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ တနင်္သာရီတိုင်းသည် ရေထွက်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်သည်နှင့်အညီ ပင်လယ်ပြင်ရေသယံဇာတများ ဖြုန်းတီးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ထို့နောက် တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန တိုင်းအဆင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်ကုမ္ပဏီများက လုပ်ငန်းဆိုင်ရာတင်ပြချက်များအပေါ် တိုင်းမှူးနှင့်ဝန်ကြီးတို့က ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး တနင်္သာရီတိုင်းအတွင်းရှိ ကျောင်းများအတွက် စာသင်ခုံများလှူဒါန်းသော တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးခံရခြင်း၏ အကြောင်းရင်းများ ပပျောက်စေရန်ရည်ရွယ် အမျိုးသမီးများ ပညာရေးမြင့်မားရေးနှင့် ဝင်ငွေရရှိရေး ဆောင်ရွက်ပေးလျက်ရှိ

● **ရှေ့ဖုံးမှ**

တက်ရောက်

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ ဒုတိယဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများ၊ ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာ၊ စာစီစာကုံးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့တွင် ဆုရရှိကြသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စဉ်ဆက်မပြတ်ကျင်းပ

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ကမ္ဘာတစ်လွှားနိုင်ငံအများတွင် နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့လူဦးရေနေ့အခမ်းအနားကို ဇူလိုင်လ ၁၁ ရက်၌ ကျင်းပကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို အထူးအလေးအနက်ထားကြောင်း၊ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားကို ယခုနှစ်အပါအဝင် (၁၇)ကြိမ်တိုင်တိုင် စဉ်ဆက်မပြတ်ကျင်းပကြောင်း။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ဆောင်ပုဒ်မှာ **"ကမ္ဘာ့လူ့ဘောင်သာယာရေး၊ ငယ်ရွယ်သူများ ပျိုးထောင်ပေး"** "Young People"ဖြစ်ကြောင်း။

အထူးဂရုပြု

ယင်းဆောင်ပုဒ်နှင့်ပတ်သက်၍ အနည်းငယ်တင်ပြလိုကြောင်း၊ ယနေ့ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၆၅၀၀ ရှိသည့်အနက် အသက် ၁၀ နှစ်မှ ၂၄ နှစ်အတွင်းရှိ ငယ်ရွယ်သူများသည် သန်းပေါင်းတစ်ထောင်ကျော်ရှိကာ လူ့သမိုင်းတစ်လျှောက်၌ အကြီးမားဆုံး မျိုးဆက်ဖြစ်လာကြောင်း၊ ဤမျိုးဆက်သည် ကိုင်တွယ်ဖြေရှင်းရမည့် ဝန်ထုပ်ဝန်ပိုးများမဟုတ်ဘဲ ပြုစုပျိုးထောင်ပေးရမည့် အခွင့်အလမ်းများနှင့် အဖိုးတန်ရတနာများပင်ဖြစ်ကြောင်း၊ ယင်းမျိုးဆက် လူငယ် လူရွယ်များ၊ အထူးသဖြင့် မိန်းကလေးများ၊ ငယ်ရွယ်လွန်းသူ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ဆယ်ကျော်သက်ရွယ်များနှင့် ဆယ်ကျော်သက် အိမ်ထောင်သည်များ၏ အရေးအရာကိစ္စများကို အထူးဂရုပြုအပ်လှကြောင်း။

ယနေ့ လူငယ်လူရွယ်များသည် ၎င်းတို့နေထိုင်သည့် လူမှုအသိုင်းအဝိုင်း၏ ကွဲပြားခြားနားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခြေအနေအရပ်ရပ်အရ ဘဝမျိုးစုံ၊ အတွေ့အကြုံ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်တွေ့ကြုံခံစားနေကြရကြောင်း၊ သို့ရာတွင် ၎င်းတို့ဘဝတစ်လျှောက်လုံး၌ တူညီသောမျှော်လင့်ချက်ရောင်ခြည်မှာ ပိုမိုကောင်းမွန်သည့် အနာဂတ်ဘဝဖြစ်ပေါ်လာရေးပင်ဖြစ်ကြောင်း၊ ယင်းမျှော်လင့်ချက်ရောင်ခြည်ကို ပိုမိုခိုင်မာစေသည်မှာ ကမ္ဘာ့ခေါင်းဆောင်ကြီးများ ၂၀၀၀ ပြည့်နှစ်တွင် သဘောတူချမှတ်ခဲ့သည့် ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ ပိုမိုကောင်းမွန်သောဘဝ လျှောက်လှမ်းနိုင်သည့်အခွင့်အရေး ရရှိစေရေးအတွက် ကမ္ဘာ့နိုင်ငံများက တစ်ဦးချင်းရော စုပေါင်း၍ပါ အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် အချိန်တန်ပြီဖြစ်ကြောင်း။

ဦးတည်ချက်များ

လူငယ်များ၏ ဘဝတိုးတက်မြင့်မားရေးအတွက် ပြုစုပျိုးထောင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် နောင်လာမည့်မျိုးဆက်များအတွက် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ကြောင်း၊ ၁၉၉၄ ခုနှစ်တွင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (ICPD)၏ ရှေ့လုပ်ငန်းစဉ်၌ လူငယ်များနှင့် ပတ်သက်၍ ရှေ့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များပါရှိကြောင်း၊ ၁၉၉၅ ခုနှစ်တွင် ကုလသမဂ္ဂက ကျင်းပသည့် ၂၀၀၀ ပြည့်နှစ်နှင့်နောက်ပိုင်း လူငယ်များဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၀၀ ပြည့်နှစ် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးမှုကြေညာစာတမ်း၊ ကုလသမဂ္ဂ အထူးအစည်းအဝေးများမှ HIV/AIDS(၂၀၀၁ ခုနှစ်)နှင့် ကလေးများ (၂၀၀၂ ခုနှစ်)ဆိုင်ရာ ဆုံးဖြတ်ချက်များသည်လည်း ဦးတည်ချက်များ၊ ပန်းတိုင်များနှင့် အားပေးလှုံ့ဆော်မှုများပင်ဖြစ်ကြောင်း။

ကမ္ဘာတစ်လွှားတွေ့ကြုံနေရသည့် လူငယ်ဆိုင်ရာ ပြဿနာရပ်များနှင့်ပတ်သက်၍ အနည်းငယ်တင်ပြလိုကြောင်း။

- ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူငယ် လေးပုံတစ်ပုံသည် အလွန်အမင်း ဆင်းရဲနွမ်းပါးစွာ နေကြရပါကြောင်း။
- ကမ္ဘာကြီးတွင် စာလုံးဝ မရေးတတ်၊ မဖတ်တတ်သောလူငယ် ၁၃၃ သန်းရှိပြီး ကျောင်းပညာမသင်ကြားခဲ့ရသည့် လူငယ်ပေါင်း ၁၁၅ သန်းရှိကြောင်း၊ နောက်ထပ်လူငယ် သန်း ၁၀၀ ခန့်မှာ စာမရေးတတ် မဖတ်တတ်ခင်မှာပင် ကျောင်းထွက်ကြရကြောင်း။
- ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမျိုးသမီးငယ် ၈၂ သန်းခန့်သည့် အသက် ၁၈ နှစ်မပြည့်မီ အိမ်ထောင်ကျကြကြောင်း၊ နှစ်စဉ် အသက် ၁၅ နှစ်နှင့် ၁၉ နှစ်ကြား အမျိုးသမီးငယ် ၁၅ သန်းခန့်သည် ကလေးမွေးဖွား လျက်ရှိပြီး အမျိုးသမီးငယ်လေးသန်းခန့်မှာ အန္တရာယ်မကင်းသည့် ကိုယ်ဝန်ဖျက်ချသည်များကို တွေ့ရှိနေကြောင်း။
- ကမ္ဘာ့လူဦးရေ သန်း ၆၀ ကျော်သည် HIV ရောဂါပိုးကူးစက်ခံရပြီး ယင်းအထဲတွင် တစ်ဝက်ကျော်သည် လူငယ်များဖြစ်ကြောင်း၊ ယင်းလူငယ်များထဲက တော်တော်များများသည် ၎င်းတို့ အသက် ၂၀ မပြည့်ခင် HIV ရောဂါ ကူးစက်ခံရခြင်းဖြစ်ကြောင်း။



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ အဆင့်(၅) အလွတ်တန်းတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

လက်တွဲဆောင်ရွက်

လူငယ်များတွေ့ကြုံနေရသည့် ဖော်ပြပါပြဿနာများ၏ အတိမ်အနက်ကို ထောက်ရှုခြင်းဖြင့် ယင်းပြဿနာများ သက်သာလျော့ပါးအောင် ယခုကပင် စတင်လုပ်ဆောင်ရန်ဖြစ်သကဲ့သို့ အတူတကွလည်း လက်တွဲဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ အနေအထားနှင့်ပတ်သက်ပြီး အကျဉ်းချုံး အသိပေးပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၅ ဒသမ ၄ သန်းရှိပြီး အသက် ၁၀ နှစ်နှင့် ၂၄ နှစ်ကြား လူငယ်များသည် ၁၅ သန်းခန့်နီးပါးရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် စီးပွားရေးတိုးတက်မှုအထိုက်အလျောက် မြင့်မားလာလျက်ရှိကြောင်း၊ မြို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုတို့သည်လည်း ကွာဟမှုနည်းလာပြီဖြစ်ကြောင်း၊ ကလေးသူငယ်များ၊ လူငယ်များ၊ မိသားစုများနှင့်ပတ်သက်ပြီး လုပ်ငန်းအစီအစဉ်များကိုလည်း နိုင်ငံတော်က စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့်အတူ လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အခွင့်အလမ်းများရရှိခံစား

မြန်မာနိုင်ငံသည် မိမိ၏ လူငယ်များကို နိုင်ငံ၏ အင်အား၊ နိုင်ငံ၏ အဖိုးတန်ဆုံး ရတနာတစ်ခုအဖြစ် ခံယူကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အထူးအလေးပေးဆောင်ရွက်လျက်



ဆုချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ရှိကြောင်း၊ လူငယ်များအတွက် ကျန်းမာရေး ပညာပေးလုပ်ငန်းအစီအစဉ်များအပါအဝင် ကျန်းမာရေးလုပ်ငန်းအစီအစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်၏ ပညာရေးစနစ်သည်လည်း လူငယ်များကို စာရိတ္တ ပိုမိုမြင့်မားခိုင်မာပြီး ဘဝ၏အခက်အခဲပြဿနာများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ ယနေ့ မြန်မာလူငယ်များသည် ၎င်းတို့ လူနေမှုဘဝမြင့်မားလာစေရန် အခွင့်အလမ်းများရရှိခံစားနေရပြီ ဖြစ်ကြောင်း။

မျိုးဆက်ပွားကျန်းမာရေးသည် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အစိတ်အပိုင်းဖြစ်သည့်အလျောက် မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးမူဝါဒသည် မျိုးဆက်ပွားကျန်းမာရေး တိုးတက်ကောင်းမွန်အောင် အထူးဂရုစိုက် အားဖြည့်ဆောင်ရွက်နိုင်မည့် မဟာဗျူဟာများကို ဦးစားပေးထားကြောင်း၊ နိုင်ငံတော်အစိုးရသည် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ်များနှင့် ဆက်စပ်ဆောင်ရွက်ရသည့် ဆယ်ကျော်သက်ရွယ် မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းအစီအစဉ်ကို မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းအစီအစဉ်၏ ကဏ္ဍတစ်ခုအနေဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း။

ကျောင်းသားများအတွက် ဘဝတွက်တာ ကျွမ်းကျင်စရာများအပါအဝင် မျိုးဆက်ပွား ကျန်းမာရေးပညာပေးကို တွဲဖက်သင်ရိုးဝင်ဘာသာအဖြစ် ထည့်သွင်းထားပြီးဖြစ်ကြောင်း၊ ရပ်ရွာအတွင်းရှိ ကျောင်းပြင်ပ လူငယ်များအတွက် အစိုးရဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက လူငယ်များ လေ့ကျင့်ပညာပေးရေးလုပ်ငန်းအစီအစဉ်များဖြင့် မျိုးဆက်ပွား ကျန်းမာရေး အချက်အလက်များနှင့် ဘဝတွက်တာ ကျွမ်းကျင်စရာများကို သင်ကြားဖြန့်ဖြူးပေးလျက်ရှိကြောင်း။

မျိုးဆက်ပွားကျန်းမာရေး

နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းလုပ်ဆောင်မှုများသာမက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (MMCWA)ကလည်း အရည်အသွေးမီ မျိုးဆက်ပွား ကျန်းမာရေးအကြံပေးမှုများနှင့် ဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း၊ ထို့အပြင် မျိုးဆက်ပွားကျန်းမာရေး၊ ဆယ်ကျော်သက် မျိုးဆက်ပွား ကျန်းမာရေး၊ AIDS ကဲ့သို့ ကူးစက်ပြန့်ပွားနိုင်သည့် ရောဂါများနှင့်ပတ်သက်ပြီး သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် အိမ်ထောင်ပြုသည့်အသက်သည် တဖြည်းဖြည်း ပိုကြီးလာသည်နှင့်အမျှ သားဦးမွေးသော အသက်လည်း ပိုကြီးလာကြောင်း၊ ထို့ကြောင့် မိခင်ရောကလေးမှာပါ အသက်အန္တရာယ်ရှိသည့် ဆယ်ကျော်သက် ကလေးမွေးဖွားမှုများ လျော့နည်းလာကြောင်း၊ ယောကျ်ားရော မိန်းမပါ စောစီးစွာ အိမ်ထောင်မပြုသည့်အချိုး ဆက်လက်များလာသည့်အတွက် မိမိတို့နိုင်ငံတွင် ကျန်းမာရေးထိခိုက်စေနိုင်သည့် ဆယ်ကျော်သက်များ အိမ်ထောင်ပြုတာ ကလေးမွေးဖွားတာတွေ နည်းလာပါကြောင်း။

ပူးပေါင်းပါဝင်ဆောင်ရွက်

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်မှာ ၁၅ နှစ်အထက် လူကြီးများ၏ စာတတ်မြောက်မှုနှုန်းသည် အလွန်မြင့်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း လူတိုင်း အခြေခံပညာတတ်မြောက်ရေး လုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းရည်မှန်းချက် အကောင်အထည်ပေါ်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကလည်း ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသား ပညာရေးမူဝါဒနှင့်အညီ မြန်မာနိုင်ငံသည် ကလေးတိုင်း မူလတန်းပညာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနကလည်း မြို့ပြနှင့် ကျေးလက် တစ်ပြေးညီ ပညာသင်ကြား

နိုင်ခွင့်ရရှိရေး အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မြင့်ပညာရေးတွင်လည်း ၁၉၈၈ခုနှစ်တွင် တက္ကသိုလ်နှင့် ကောလိပ် ၃၂ ခုသာရှိခဲ့သော်လည်း ယခုအခါတွင် တစ်နိုင်ငံလုံး၌ တက္ကသိုလ်နှင့် ကောလိပ် ၁၅၆ ခု အထိ တိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း။

ဆက်လက်ထိန်းသိမ်း

ICPD နှင့် နိုင်ငံတကာ အမျိုးသမီးညီလာခံကြီးများ နောက်ပိုင်းမှာ မြန်မာနိုင်ငံသည် အမျိုးသမီးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး စုစည်းခိုင်မာသည့် အမျိုးသားရေး စွမ်းအားစုတစ်ရပ်အနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စနစ်တကျ လှုပ်ရှားဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ယန္တရားအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် နောက်ပိုင်းမှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယနေ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်အောင်၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နိုင်အောင်နှင့် မြန်မာအမျိုးသမီးထုကြီး၏ အရေးအရာကိစ္စရပ်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိရောက်စွာ တိုးမြှင့်လွှမ်းခြုံပေးနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသမီးများနှင့် ကလေးများအား လူကုန်ကူးခြင်းသည် အမျိုးသမီးများအား အကြမ်းဖက်ခြင်းကိစ္စတစ်ရပ်အဖြစ် သဘောထားကြောင်း၊ အမျိုးသမီးများနှင့် ကလေးငယ်များ လူကုန်ကူးခြင်းနှင့်ပတ်သက်ပြီး အမျိုးသားလုပ်ငန်းအဖွဲ့မှာ ဝန်ကြီးဌာနအသီးသီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ကြကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လူကုန်ကူးမှု တိုက်ဖျက်ရေးကော်မတီ အသစ်တစ်ရပ်ကို ၂၀၀၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ကြောင်း။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ အဆင့်(၄) အသက်(၁၆-၁၈)နှစ် အတန်းတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကလည်း နယ်စပ်ဒေသမြို့များတွင် သင်တန်းကျောင်းများတည်ထောင်ပြီး အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား လူကုန်ကူးခံရခြင်း၏ အကြောင်းအရင်းများ ပပျောက်စေရန် ရည်ရွယ်၍ အသက်မွေးမှုပညာများကို သင်ကြားပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေနှင့်လည်း လူကုန်ကူးမှုကို တိုက်ဖျက်ရန်အတွက် အမျိုးသမီးများ ပညာရေးအဆင့်အတန်းမြင့်မားရေးနှင့် ဝင်ငွေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ထည့်သွင်းသင်ကြား

HIV/AIDS ရောဂါ ကာကွယ်တားဆီးရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသည် အမျိုးသားခုခံအားကျဆင်းမှုရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းအစီအစဉ်ကိုချမှတ်ပြီး စွမ်းအားအရင်းအမြစ်များ ခွဲဝေသတ်မှတ်ခြင်းနှင့် ကဏ္ဍစုံ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရရှိစေရန် ဆောင်ရွက်ခဲ့ကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံအချင်းချင်း လုပ်ငန်းအစီအစဉ်များတွင်လည်း ပါဝင်လှုပ်ရှားနိုင်အောင် အားပေးပံ့ပိုးခဲ့ကြောင်း၊ ကျောင်းတွင်းလူငယ်များအတွက် မြို့နယ်ကျန်းမာရေးဌာနများ၊ ကျောင်းကျန်းမာရေးအသင်းများ၊ အခြေခံပညာဦးစီးဌာနမှ ကျွမ်းကျင်သူများက AIDS ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ "ကျောင်းများအခြေပြု ကျန်းမာစွာနေထိုင်ရေးနည်းနှင့် AIDS တားဆီးကာကွယ်ရေး ပညာပေးလုပ်ငန်းအစီအစဉ် (SHAPE)"ကို အခြေခံပညာကျောင်းများ၌ သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်း သင်ကြားစေခဲ့ကြောင်း။

မြန်မာနိုင်ငံသည် ICPDက ချမှတ်လိုက်သည့် မူဝါဒများနှင့်လုပ်ငန်းစဉ်များကို လိုက်နာကျင့်သုံးနေကြောင်း၊ ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေပြီး လူဦးရေဆိုင်ရာ လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာမှာ တက်ကြွသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားကြောင်းဖြင့် ပြောကြားလိုကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ ဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အရည်အသွေးမြှင့်တင်

နိဂုံးချုပ်အနေဖြင့် ယခုကဲ့သို့ မင်္ဂလာရှိသည့် နေ့ထူးနေ့မြတ်၌ ကြွရောက်ချီးမြှင့်ကြသည့် ဝန်ကြီးများနှင့် လူမှုရေးအဖွဲ့အစည်းအသီးသီးတို့မှ ပုဂ္ဂိုလ်များအားလည်းကောင်း၊ ယနေ့ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသူများကိုလည်းကောင်း ကျေးဇူးတင်ကြောင်း ပြောကြားရင်း လူငယ်များကို ကမ္ဘာ့သားကောင်း သမီးမွန်များဖြစ်စေရေးအတွက် သူတို့၏ဘဝကို အရည်အသွေးမြှင့်တင်ပေးပြီး သူတို့ဘဝအတွက် လိုအပ်သည့် လက်နက်ကောင်းများကို တပ်ဆင်ပေးရန် ရည်ရွယ်မျှော်မှန်း ဆောင်ရွက်သွားကြပါစို့လို့ ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့အမှုဆောင် ညွှန်ကြားရေးမှူး Ms. Thoraya Obaid ၏ ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ သဝဏ်လွှာကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ကိုယ်စားလှယ် Mr. Daniel B Baker က ဖတ်ကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ နိုင်နိုင်ထွန်း (စမ်းချောင်း)၊ ဒုတိယဆုရ ဖရင်ကီထွန်းတင်နှင့် တတိယဆုရ ဦးမြင့်သိန်းတို့အား ဆုများချီးမြှင့်သည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ကိုယ်စားလှယ် Mr. Daniel B Baker ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ တက္ကသိုလ်၊ ကောလိပ်အဆင့်တွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမဆုရ မောင်ဟိန်းသူအောင်၊ မောင်ရာဇာဝင်းထွန်းနှင့် မောင်ဝေလွင်သော်တို့ ပါဝင်သည့် တာမွေမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းအဖွဲ့၊ ဒုတိယဆုရ မောင်ထက်ဝေအောင်၊ မောင်စိုင်းမိုးသန့်နှင့် မဇွန်ဖြူလင်းတို့ ပါဝင်သည့် မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် တတိယဆုရ မောင်အောင်ငြိမ်းမြတ်၊ မဇင်ဇာမောင်နှင့် မောင်မင်းမြင့်ဉာဏ်တို့ ပါဝင်သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ အဆင့်(၅) အလွတ်တန်းတွင် ပထမဆုရ ဦးဝင်းမြင့်ထွန်း၊ ဒုတိယဆုရ ဦးဇာနည်ထွန်းနှင့် တတိယဆုရ ဦးရဲထွဋ်အောင်(ပန်းချီ)တို့အား ဆုများချီးမြှင့်သည်။

ပိုစတာပြိုင်ပွဲ အဆင့်(၄)

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ အဆင့်(၄) အသက်(၁၆-၁၈)နှစ် အတန်းတွင် ပထမဆုရ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသား မောင်ဇင်ကိုကို၊ ဒုတိယဆုရ လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မခင်ချမ်းမြေ့သူနှင့် ကွန်ပျူတာတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယနှစ် ကွန်ပျူတာကျောင်းသူ မနှင်းလဲ့ဖြူတို့အား လည်းကောင်း၊ ပိုစတာပြိုင်ပွဲ အဆင့်(၃) အသက်(၁၃-၁၅)နှစ်အတန်းတွင် ပထမဆုရ ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ဟိန်းထက်အောင်၊ ဒုတိယဆုရ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မပွင့်သရဖီအောင်နှင့် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်စိုင်းကောင်းသူရတို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

ပိုစတာပြိုင်ပွဲ အဆင့်(၂)

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်က ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ အဆင့်(၂) အသက်(၉-၁၂)နှစ်အတန်းတွင် ပထမဆုရ တာမွေမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်စည်သူအောင်၊ ဒုတိယဆုရ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မအေးမြတ်သူနှင့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ထက်နိုင်လင်းတို့အား လည်းကောင်း၊ ပိုစတာပြိုင်ပွဲ အဆင့်(၁) အသက်(၆-၈)နှစ်အတန်းတွင် ပထမဆုရ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ တတိယတန်းကျောင်းသူ မဆုထိပ်ထား၊ ဒုတိယဆုရ ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ တတိယတန်းကျောင်းသူ မဖူးသဉ္ဇာနိုင်နှင့် တတိယဆုရ ရန်ကင်းမြို့နယ် ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ မခင်ကြေးမှုံဦးတို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ကိုယ်စားလှယ် Mr. Daniel B Baker က ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ တက္ကသိုလ်၊ ကောလိပ်အဆင့်တွင် ပထမဆုရ ကယားပြည်နယ် လွိုင်ကော်အစိုးရ ကွန်ပျူတာကောလိပ် ဂုဏ်ထူးတန်းကျောင်းသူ မရွှန်းဝင့်ဆွေ၊ ဒုတိယဆုရ တနင်္သာရီတိုင်း မြိတ်တက္ကသိုလ် ပထမနှစ် ဂုဏ်ထူးတန်း(သတ္တ)ကျောင်းသူ မဆုလဲ့ဝင်းနှင့် တတိယဆုရ ကမာရွတ်မြို့နယ် ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယနှစ်ကျောင်းသူ မမြတ်စုလှိုင်တို့အား လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆုရ ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်ကျော်ခိုင်ထက်၊ ဒုတိယဆုရ မြိတ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်သန့်အောင်ဖြိုးနှင့် တတိယဆုရ မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မယဉ်နွယ်အေးတို့အား လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆုရ ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မမေမြတ်မှူးအောင်၊ ဒုတိယဆုရ ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မသဇင်ငြိမ်းသူနှင့် မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မယွန်းရွှေရည်လှိုင်တို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်များ၊ ဆုရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အကြို ဆောင်ရွက်ချက်များ၊ ဆုရပိုစတာများ၊ စာစီစာကုံးများနှင့် ရောင်စုံဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံသည် ICPD က ချမှတ်လိုက်သည့် မူဝါဒများနှင့်လုပ်ငန်းစဉ်များကို လိုက်နာကျင့်သုံးနေ၊ ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေပြီး လူဦးရေဆိုင်ရာ လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာမှာ တက်ကြွသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထား။

အသက်ရှည်စွာ အနာမဲ့ရေး(၁၅)

ဒေါက်တာ လွင်ကို

"ဆရာရေ– ကျွန်တော်တို့မိတ်ဆွေကြီးဦးချစ် ညကရုတ်တရက် ရင်ဘတ်အောင့်တယ်ဆိုပြီး ရင်အုံကိုဖိထားရင်း ပျက်စီးသွားရှာတယ်။ ည ၂ နာရီကျော် ရုတ်တရက်ဖြစ်တော့ ဆရာတောင် မပင့်နိုင်လိုက်ဘူး ပြောပါတယ်"

ဦးလေး ဦးစံမောင်ပြောပါသည်။

"အေးလေဗျာ၊ ကိုယ်ရောစိတ်ပါ ပင်ပန်းသွားလို့ထင်ပါတယ်။ လွန်ခဲ့တဲ့ သုံးရက်လောက်က သူ့သမီးလေး သဘောမတူတဲ့ ကလေးနဲ့ လိုက်သွားလို့ ရှာလိုက်ရတာ အမောတကော အပြင်းအထန်ပေါ့။ တွေ့ပြန်တော့လဲ သမီးဖြစ်သူက ပြန်ခေါ်မရတော့ စိတ်ထိခိုက် သွားပုံ ရပါတယ်"

ဦးလေးချောက ဝင်ထောက်ပါသည်။

"ကိုယ်ဆင်းရဲထက်၊ စိတ်သောကကြောင့် ထင်ပါတယ်။နကုလပိတာ သူကြွယ်က မြတ်စွာဘုရားကို လျှောက်ထားတာ သွားသတိရတယ်"

ဟု ဦးလေးဦးတင်အေးက ဆိုပြန်ပါသည်။

"အရှင်ဘုရား တပည့်တော်တို့ဟာ အိုမင်းပါပြီ၊ အရွယ်သုံးပါးရဲ့ နောက်ဆုံးအရွယ်သို့လဲရောက်ပါပြီ။ အခုဆိုတပည့်တော်ရဲ့ကိုယ်ဟာ မပြတ်နာကျင်နေလို့ အရှင်ဘုရားနဲ့တကွ သံဃာတော် အရှင်သူမြတ်များကို အခါမလပ် မဖူးမြော်နိုင်တော့ပါ။ တပည့်တော်တို့ သက်ကြီးရွယ်အိုများအတွက် လောကီလောကုတ်ချမ်းသာရာ မိန့်ပါဘုရားလို့ လျှောက်တော့"

မြတ်ဗုဒ္ဓက"သတ္တဝါတွေမှာ ကြီးကြီးငယ်ငယ် ခန္ဓာကိုယ်မှာ နာကျင်ခြင်း ကင်းသူမရှိပေဘူး။ စိတ်ကတော့ နာကျင်ခြင်း ကင်းစေရမယ်၊ (သင်)ကျင့်ရမယ်၊ ကြိုးစားရမယ်လို့ ဟောကြားတော်မူပါတယ်"

သူကြွယ်ကြီးဟာ ဗုဒ္ဓရဲ့တရားကို ပိုနားရှည်ဝအောင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို ရှင်းပြဖို့ လျှောက်ထားပြန်တော့– "သူကြွယ်ကြီး ပုထုဇဉ်ဟာ ရုပ်ကိုအတ္တလို့ ရှုလေ့ရှိတယ်။ ရုပ်ဟာ ငါ့ဥစ္စာပဲလို့ စွဲမှတ်ယုံကြည်နေတယ်။ ဒါကြောင့် ရုပ်ရဲ့ဖောက်ပြန်ပျက်စီးနေတာကို မြင်ရတဲ့အခါ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုတွေ ဖြစ်တော့တယ်။ ဒါကြောင့် ဒီလူမျိုးဟာ နာကျင်တဲ့ကိုယ်ရှိပြီး၊ နာကျင်တဲ့ စိတ်ရှိသူ ဖြစ်ပေတယ်"

"ရုပ်ဟာ ငါ့ဥစ္စာလို့ ယုံမှတ်စွဲလမ်းမှုမရှိတဲ့အခါမှ၊ ရုပ်ရဲ့ ဖောက်ပြန် ပျက်စီးခြင်းကြုံသော်လဲ ကိုယ်စိတ်ဆင်းရဲမှု၊ ပြင်းစွာ ပင်ပန်းမှုဆိုတာလဲ မရှိတော့ဘူး။ ဒီလိုပဲ ရုပ်မှာသာမက ဝေဒနာတို့၊ သညာတို့၊ သင်္ခါရ တို့၊ ဝိညာဏတို့မှာလဲပဲ ငါ့ဥစ္စာလို့ စွဲလမ်းမှုမရှိရင် အဲဒီတရားတွေ ဖောက်ပြန်ပျက်စီးကြတဲ့အခါ စိတ်ဆင်းရဲခြင်း၊ ပင်ပန်းခြင်းဆိုတာတွေ မဖြစ်တော့ဘူး သူကြွယ်။ အဲဒီလိုလူမျိုးဟာ နာကျင်တဲ့ကိုယ်ရှိသော်လဲ နာကျင်တဲ့စိတ်ကင်းတဲ့သူ ဖြစ်တယ်လို့" ဟောကြားတော်မူပါတယ်။

"ဟုတ်တယ် ဦးတင်အေးရေ၊ ကျွန်တော်လဲကြားဖူးတယ်။ 'စိတ် နာကျင်ခြင်း'ပုဒ်ကို ထင်ရှားအောင် အဋ္ဌကထာ ဆရာအရှင်မြတ်များက ဣဿာ၊ မစ္ဆရိယ၊ ရာဂ၊ လောဘ၊ ဒေါသ၊ မောဟသို့ အစဉ် လိုက်နေတဲ့စိတ်ဟာ နာကျင်တဲ့စိတ်၊ ရောဂါဖြစ်နေတဲ့စိတ်လို့" ဖွင့်ဆို ကြပါတယ်။

"ကျွန်တော်တို့ မိတ်ဆွေကြီးလဲ သမီးဇောနဲ့စိတ်မထိန်းနိုင်ဘဲ ခံစားရလွန်းပြီး နှလုံးထိခိုက်သွားတာထင်ပါတယ်"

"ဟုတ်ကဲ့ ဦးလေးတို့ခင်ဗျ၊ ကျွန်တော်ကြားဖူးတဲ့ အင်္ဂလိပ်စာကြောင်းလေးတစ်ခုရှိပါတယ်။ ဒီတရားသဘောနဲ့များ ဆိုင်မလားဘဲ"

"The children are not your own sons and daughters.They come not from you,they come through you. You can give all your love but not all your thoughts and instructions."

"ကလေးများကို ကိုယ့်သား၊ သမီးဆိုပြီး ကိုယ်ပိုင်တယ်လို့ ယူဆလို့ မရပါ။ သင်တို့ကတစ်ဆင့် ဖြတ်သန်းပြီး လူ့ဘဝထဲ ဝင်လာခြင်းသာ ဖြစ်ပါသည်။ သင့်ရဲ့အချစ်အားလုံးပုံပေးနိုင်ပေမယ့် သင့်ရဲ့အတွေးအခေါ်နဲ့ ဖြစ်စေချင်တာအားလုံးကိုတော့ လက်ခံနိုင်ချင်မှ လက်ခံနိုင်မှာပါ"

"ကောင်းပါတယ် ဆရာရေ၊ ပေါ့ပေါ့ပါးပါးတစ်မျိုး၊ လေးလေးနက်နက် တစ်သွယ် စဉ်းစားရနိုင်တဲ့ စာသားလေးပါဆရာ။ လူတွေမှာ ကံ၊စိတ်၊ ဥတု၊ အာဟာရကြောင့် အနာရောဂါများ ဖြစ်ကြရတယ်ဆိုတာ မြတ်စွာဘုရားဟောထားခဲ့တာ အားလုံးသိပါတယ်။ လူတွေအသက်တိုရတဲ့ အကြောင်းမှာ သောကကြီးလို့ တိုကြောင်းကို 'သောကပရေတသအဓိဋ္ဌာ'လို့ ကျမ်းဂန်များမှာ ဆိုထားပါတယ်။ အလွန်တိကျစွာ ဆိုထားရာမှာ သောကမီးလောင်နေသူတို့ဟာ အစာကိုပင် မမျိုနိုင်၊ မချေနိုင်၊ ရောဂါမျိုးစုံ တစ်စတစ်စ ဖြစ်ခြင်းရှိသကဲ့သို့ ရုတ်တရက် ပျက်စီးခြင်းသို့လဲ ဆိုက်နိုင်၏။ သောကကိုဖယ်ခြင်းသည် ဇရာမရဏကို ကုသသည်မည်၏တဲ့။ ကျွန်တော်ဖတ်ဖူး၊ မှတ်ဖူး ပါတယ်"

ဟု ဦးလေးချောက ပြောပါသည်။

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်တို့ ၅၅၀ နိပါတ်တော်တွေထဲက 'သေရိဝဝါဏိဇဇာတ်'က ရွှဲကုန်သည်မိုက်အကြောင်း ရွှေမန်းဦးတင်မောင်ကြီး ကပြတာ သတိရမိပါသေးတယ်။ ရွှဲကုန်သည်မိုက်က ရွှေခွက်ကို အရင်တွေ့ပေမယ့် အလကားနီးပါးလိုချင်လို့ ရှောင်သွားခဲ့တယ်လေ။ နောက် ဘုရားအလောင်းရွှဲကုန်သည်ကတော့ ရွှေခွက်မှန်းသိလို့ ရွှဲလုံးတွေ လိုသလောက်ပေးတဲ့အပြင် ငွေ ၅၀၀ ကိုပါပေးခဲ့ပြီး မြစ်တစ်ဖက်ကမ်းကို ကူးသွားတော့ ရွှဲကုန်သည်လူမိုက်က နောက်တစ်ခေါက် ရွှေဖလားကို ရွှဲနည်းနည်းနဲ့လဲဖို့ပြန်အလာ နောက်ကျသွားမှန်းသိပြီး ရူးသွားတာလေ။ 'ပေးပေး ပေးပေး–ငါ့ရွှေခွက်ပေး'ဆိုပြီး ဘုရားအလောင်းကို လိုက်ရှာတာ တစ်ဖက်ကမ်းကို လှေနဲ့ကူးသွားတဲ့ ဘုရားအလောင်း ရွှဲကုန်သည်ကိုမြင်တော့ ဣဿာမစ္ဆရိယ သောကမီးတွေကြောင့် သွေးအန်ပြီး သေသွားတယ်မို့လား။ စိတ်ရဲ့ပူလောင်ခြင်းဟာ ငရဲမီးအပြင်းစားထက် ပူလောင်တယ် ဆိုရမလားဘဲ"

ဟု ဦးလေးစံမောင် ပြောပြန်ပါသည်။

"ဒါ့အပြင် သူ့တပည့်အားလုံး ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလန်နောက် လိုက်သွားကြတော့ သိဥ္စည်းပရိဗိုဇ်ကြီး ဒေါမနဿနဲ့ သောကမီးတောက်လောင်ကာ သွေးပွက်ပွက်အန်ပြီး အသက်ဆုံးသွားတာလဲ ဒီစိတ်ကြောင့်ပဲမို့လား။ 'ဒေါသစိတ်၊ ဣဿာစိတ်၊ မစ္ဆရိယစိတ်'များဟာ အလွန်ပြင်းထန် လျင်မြန်စွာ ပျက်စီးစေကြောင်းလို့ ကျွန်တော်ထင်မိပါတယ်"

ဦးလေးဦးတင်အေးက ဖြည့်စွက်ဆွေးနွေးပါသည်။

"စိတ်ကြောင့်ဖြစ်တတ်တဲ့ ရောဂါများအကြောင်း ဆရာကလဲ ဆွေးနွေးပေးပါဦးခင်ဗျာ"

"ဦးလေးတို့ ဆွေးနွေးတာတင်ပဲ အနှစ်သာရနဲ့ ပြည့်စုံလှပါပြီ။ အနောက်တိုင်း ဆေးပညာအရတော့ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ပန်းနာရောဂါ၊ အစာအိမ်ရောဂါ၊ နောက်ကြောတက်ခြင်း၊ မလှုပ်ချင်မကိုင်ချင်ဖြစ်ခြင်း၊ ရုတ်တရက် ကိုယ်တစ်ပိုင်းသေသလို လှုပ်ရှားမရခြင်း၊ ဆွံ့အသကဲ့သို့ စကားပြောမထွက်တော့ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာမျိုရခက်ခြင်း၊ ပန်းညှိုးခြင်း၊ အိပ်မပျော်ခြင်း၊ ထိတ်လန့်လွန်ခြင်း၊ လက်တုန်ခြင်း၊ စိတ်ယောက်ယက်ခတ်ခြင်းနဲ့ အချို့သော စိတ်ရောဂါများဟာ 'စိတ်'သောက၊ စိတ်ဖိစီးခြင်း၊ အလိုမကျခြင်းစတဲ့ စိတ်ကြောင့်ဖြစ်တဲ့ ရောဂါတွေပါပဲ။ ဒါ့အပြင် ရုတ်တရက် နှလုံးသွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်း၊ ပြတ်ခြင်းနဲ့ အိုမင်းရင့်ရော်လွယ်ခြင်းတို့ဟာ 'စိတ်'က အခြေခံတဲ့ ရောဂါတွေပါခင်ဗျာ။ ဘယ်လိုကုသမယ်ဆိုတာပါ ဆက်ဆွေးနွေးပါဦးဆရာ"

ဦးဘချောက မေးမြန်းပါသည်။

"ဦးလေးတို့ခင်ဗျာ၊ ကျွန်တော်တို့ မြတ်ဗုဒ္ဓရဲ့နည်းဟာ အကောင်းဆုံးပါပဲ။ အခုမှ **အနောက်တိုင်းသုတေသီတွေက ခေတ်မီ အီလက်ထရွန်နစ် စက်ကိရိယာတွေနဲ့စမ်းသပ်ပြီး စိတ်သက်သာအောင် ဖြေလျှော့ခြင်း တုံ့ပြန်မှု (The relaxation response)ဆိုတဲ့ ကမ္ဘာကျော် ကျမ်းတစ်စောင်ရေးသားတာ တွေ့ဖူးပါတယ်။ အဲဒီ ဒေါက်တာဘင်ဆင်က စိတ်အပန်းဖြေနည်းတွေကို လိုက်လံစုံစမ်းပြီး နောက်ဆုံးမှာ ဘာဝနာစီးဖြန်းနည်း (Transcendental meditation) ကမ္မဋ္ဌာန်းနည်းနဲ့ စိတ်အပန်းဖြေနည်းဟာ ဒီနေ့လူသားတွေ တွေ့ကြုံနေရတဲ့ သောကဖိစီးမှု ဒဏ်တွေကို တွန်းလှန်ရာမှာ အကောင်းဆုံးဖြစ်ပြီး ရောဂါများကို ကာကွယ်ကုသနိုင်**တယ်လို့ ဆိုထားပါတယ်"

"နောက်ပညာရှင်တစ်ယောက်က ဂျိုးဇက်အေကနေဒီဆိုသူဖြစ်ပါတယ်။ သူ့စာအုပ်ထဲမှ (Passive relaxation) 'အားထုတ်ခြင်းကင်းသော အပန်းဖြေခြင်း'လို့ သုံးထားပါတယ်။ ဆရာကြီး လယ်တီပဏ္ဍိတ ဦးမောင်ကြီးရဲ့ သူရသတီနိတိအခန်း(၇)မှာ အားစိုက်ရခြင်းထက်၊ အားမစိုက်ရခြင်းကို ချီးမွမ်းထိုက်ကြောင်း၊ အားမစိုက်ရဘဲ မပင်မပန်းလုပ်ရတဲ့အလုပ်ကို ကြာရှည်လုပ်နိုင်တယ်။ ဗျာပါရတွေ များများနဲ့ အားစိုက်ရတဲ့အလုပ်မျိုးဟာ လုပ်တုန်းအခါမှာလဲ ဆင်းရဲတယ်၊ အလုပ်ကိစ္စပြီးတော့လဲ ဆင်းရဲတယ်၊ အလုပ်လုပ်ချိန်မှာ စိတ်ဆင်းရဲတင်းမာမှုက မောပန်းရုံလောက်တင် မဟုတ်ဘူး၊ လူခန္ဓာကိုယ်ပါ ပျက်စီးတတ်တယ်လို့ ဆိုထားပါတယ်"

"ဆရာဆွေးနွေးပြတာ နားထောင်ရလို့ ဗဟုသုတဖြစ်ရပါတယ်ခင်ဗျာ။ တကယ်တော့ ကျွန်တော်တို့အားလုံးမှာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမနဲ့ ကျင့်စဉ်ရှိပြီးသားပါ။ မေတ္တာဘာဝနာပွားနည်းနဲ့ သတိပဋ္ဌာန် ကျင့်စဉ် နည်းလေ"

ဟု ဦးလေးဦးတင်အေးက ဝင်၍ဆွေးနွေးပါသည်။

"ဟုတ်ပါပြီခင်ဗျာ၊ ကျွန်တော်တို့အားလုံးက မြတ်ဗုဒ္ဓ အဆုံးအမကို နားမဝေးကြပါဘူး။ နေ့စဉ် စွဲစွဲမြဲမြဲ မလုပ်နိုင်ကြသေးတာပဲ ရှိပါတယ်။ နေ့စဉ် အလွယ်ဆုံးနည်းလေးတွေရှိရင် ဆွေးနွေးပါလားဆရာ"

ဦးစံမောင်က ဆိုလာပါသည် ။

"ကျွန်တော့် ဆရာကြီးများနဲ့ သံဃာတော် အရှင်သူမြတ်ကြီးများ ဆုံးမတာ မှတ်မိသလောက် ပြန်ဖောက်သည်ချရရင်တော့–

(၁) ပြဿနာကို အသင့်အတင့်မျှသာ နှလုံးသွင်းဖို့၊

(၂) ဘဝ၊ သို့မဟုတ် လောကကြီးကို စိတ်မနာတတ်ဖို့၊

(၃) တစ်စုံတစ်ယောက်ကို အညှိုးမကြီးဖို့၊

(၄) ဣဿာမစ္ဆရိယဆိုတဲ့ မနာလိုဝန်တိုစိတ် ကင်းအောင် နေတတ်ဖို့၊

(၅) တစ်ဦးနဲ့တစ်ဦးပြိုင်ဆိုင်ခြင်းကင်းဖို့ (အလုပ်ကြိုးစားမှုကို လျှော့ စေခြင်းမဟုတ်)၊

(၆) ပြဿနာကို မှန်ဘီလူးနဲ့မကြည့်ဖို့၊

(၇) ပြဿနာကို စားမြုံ့မပြန်ဖို့၊

(၈) သင့်တင့်လျောက်ပတ်တဲ့ အချိန်မှာ မြတ်ဗုဒ္ဓစာပေ များများ ဖတ်ပေးဖို့၊ (စိတ်ကို နူးညံ့ယဉ်ကျေးသိမ်မွေ့ပြီး ခက်ထန်ခြင်း ကင်းဖို့ ဖြစ်ပါတယ်)

(၉) ဘဝကို အကောင်းဘက်က ရှုမြင်တတ်ဖို့တို့ပါပဲ"

"အခု ဦးလေးဦးတင်အေးဆွေးနွေးလို့ ရင်ထဲမှာ အထူးစွဲထင်ကျန်ရစ်တဲ့ တစ်ချက်ကတော့'နကုလပိတာ'သူကြွယ်ကို မြတ်ဗုဒ္ဓ ဟောကြားခဲ့သလို' 'နာကျင်တဲ့ကိုယ်ရှိသော်လဲ နာကျင်တဲ့စိတ် မရှိအောင်' နေတတ်ကြရင် မည်သူမဆို အသက်ရှည်ကြမှာပါပဲ ခင်ဗျာ"။ ။

အနောက်တိုင်း သုတေသီတွေက ခေတ်မီအီလက်ထရွန်နစ် စက်ကိရိယာတွေနဲ့ စမ်းသပ်ပြီး စိတ်သက်သာအောင် ဖြေလျှော့ခြင်းတုံ့ပြန်မှု (The relaxation response)ဆိုတဲ့ ကမ္ဘာကျော် ကျမ်းတစ်စောင်ရေးသားတာ တွေ့ဖူးပါတယ်။ အဲဒီ ဒေါက်တာဘင်ဆင်က စိတ်အပန်းဖြေနည်းတွေကို လိုက်လံစုံစမ်းပြီး နောက်ဆုံးမှာ ဘာဝနာစီးဖြန်းနည်း (Transcendental meditation) ကမ္မဋ္ဌာန်းနည်းနဲ့ စိတ်အပန်းဖြေနည်းဟာ ဒီနေ့ လူသားတွေ တွေ့ကြုံနေရတဲ့ သောကဖိစီးမှုဒဏ်တွေကို တွန်းလှန်ရာမှာ အကောင်းဆုံးဖြစ်ပြီး ရောဂါများကို ကာကွယ်ကုသနိုင်။

ဌ-သံတွဲလမ်းတစ်လျှောက် မိုးစပါးထွန်ယက်စိုက်ပျိုးမှု တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၃ ရက် နံနက်ပိုင်းက ဌမြို့နယ် ကင်းရုံးကျောင်းတိုက်၌ ဘဒ္ဒန္တဝိစိတ္တအမှူးပြုသည့် ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဌ-သံတွဲကားလမ်းမှ ရပိုင်ဖျားကျေးရွာအနီးရှိ မြို့နယ်သစ်တောဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူငါးဧက စိုက်ကွင်းအားလည်းကောင်း၊ ရွာသစ်ကုန်းကျေးရွာအနီးရှိ အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ ရော်ဘာ ဧက ၂၀၀ စိုက်ခင်းများနှင့် ရော်ဘာပင်ပျိုးခြံတို့ကိုလည်းကောင်း၊ ဌ-သံတွဲ ကားလမ်းတစ်လျှောက် မိုးစပါးထွန်ယက်စိုက်ပျိုးနေမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ကျိန္တလီမြို့နယ်အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိ ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ တိုင်းမှူးသည် ကျိန္တလီမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများပေးအပ်ပြီးနောက် ဆေးရုံအဆောက်အအုံများ ပြုပြင်မွမ်းမံမှုကို ကြည့်ရှုစစ်ဆေးသည်။

ပျိုးထောင်စိုက်ပျိုးပေး

ညနေပိုင်းတွင် တိုင်းမှူးသည် ဌ-သံတွဲကားလမ်းမှ ဒဲကောကျေးရွာအနီးရှိ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူပင် ၁၀ ဧက စိုက်ခင်းသို့ ကြည့်ရှုစစ်ဆေးပြီး ကြက်ဆူပင်များကို မြေဆီဩဇာထည့်သွင်း ပြုစုပျိုးထောင်စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရည်အချင်းပြည့်ဝသော အသင်းသူ၊ အသင်းသားများပေါ်ထွက်ရန် လေ့ကျင့်ပျိုးထောင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အမျိုးသားရေးတစ်ရပ်အနေဖြင့်ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ဇူလိုင် ၈ရက်က မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် အခြေခံပညာမူလတန်းကျောင်းများသို့ စာရေးကိရိယာနှင့်စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်တင့်က ငါန်းဇွန်မြို့နယ်အတွင်း ပညာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလှူငွေပေးအပ်

ထို့နောက် အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် အခြေခံပညာမူလတန်းကျောင်းများသို့ စာရေးကိရိယာနှင့်စာရေးခုံများ လှူဒါန်းနိုင်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ငါန်းဇွန်မြို့နယ် ဌာနဆိုင်ရာများက လှူဒါန်းသည့် စာရေးခုံ၄၈ခုံအတွက် တန်ဖိုးငွေ ကျပ် ၃၈၄၀၀၀၊ ငါန်းဇွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသည့် စာရေးခုံ ၁၇ခုံအတွက် တန်ဖိုးငွေကျပ် ၁၃၆၀၀၀နှင့် ပုဂ္ဂလိက အလှူရှင်များက လှူဒါန်းသည့် စာရေးခုံ ၁၀ခုံအတွက် တန်ဖိုးငွေကျပ်၈၀၀၀၀တို့ကို ပေးအပ်ကြရာ အတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက လက်ခံ၍ ယင်းအလှူငွေများကို မြို့နယ်ပညာရေးမှူးသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ငါန်းဇွန်မြို့နယ် စီကောင်းကျေးရွာအုပ်စုရှိ ခုနစ်ဧက၌ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင် ၈၄၀၀ အခြေအနေကို ကြည့်ရှုသည်။

ဆွေးနွေးမှာကြား

ထို့နောက် အတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့်တွေ့ဆုံရာ ရှေးဦးစွာ တံတားဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက အရည်အချင်း၊ အရည်အသွေးပြည့်ဝသော အသင်းသားအသင်းသူများ ပေါ်ထွက်လာရန် လေ့ကျင့်ပျိုးထောင်ပေးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အမျိုးသားရေးတစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်သို့ရောက်ရှိ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသနှင့် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေသည်။ **(အပေါ်ပုံ)**

ယင်းနောက် အတွင်းရေးမှူးဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်ရှိအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရာဇာဓမ္မာဘိဝံသနှင့် သံဃာတော်များအားလည်းကောင်း၊ မဟာအောင်မြေမြို့နယ် ဒေးဝန်းရပ် မဟာဝိသုဒ္ဓါရုံတိုက်သစ်ရှိ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယအားလည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် ဟေမဝန်ဈေး အင်္ဂါပတ်အသင်း၏(၂၅)ကြိမ်မြောက် သံဃာတော်အပါး ၂၀၀၀ကျော်ဆွမ်းလောင်းအကြို ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၈ ရက်က မေတ္တာလမ်း ဆွမ်းလောင်းရုံ၌ကျင်းပရာ ဈေးဘာသာရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘလေးနှင့် ဈေးသူဈေးသားများက သံဃာတော်များကို ဝါဆိုသင်္ကန်းများ ဆက်ကပ်ကြစဉ်။ (က-ပ)

ကျိုက္ကလဲ့စေတီ ဘက်စုံပြုပြင်ရေးလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၁

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလဲ့စေတီတော် မြတ်ကြီး၏ ဂေါပကအဖွဲ့မှ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ဘက်စုံမွမ်းမံပြင်ဆင် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရွှေသင်္ကန်းကပ်လှူရန်အတွက် ဗိုလ်မှူးချုပ်သန့်ဆွေ ဇနီးဒေါ်ခင်ခင်လှက ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးချုပ် ဝင်းသန်း ဇနီးဒေါ်ရီရီဝင်းမိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးအောင်နိုင် ဇနီး ဒေါ်တင်ကြည်(ကြံတိုင်းအောင်)မိသားစုက ငွေကျပ်နှစ်သောင်း၊ ဒေါ်ကြည်ရွှေသား ရွှေသွေးအောင် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးလှိုင်စိန်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးထွန်းသိန်း ဇနီး ဒေါ်ကြင်ပြည့်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးကြည်ညွန့် ဇနီး ဒေါ်ခင်စောမြင့်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးသန်းနိုင်ဦး ဇနီး ဒေါ်ခင်လှဌေးမိသားစုက ငွေကျပ်တစ်သိန်းကို လာရောက်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ကလက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ထို့ပြင် ရင်ပြင်တော်ပေါ်ရှိ ဘုရားသုံးဆူတန်ဆောင်းအား ပြန်လည်မွမ်းမံပြင်ဆင်လျက်ရှိရာ ငွေကျပ်သိန်း ၅၀ ခန့် ကုန်ကျမည်ဖြစ်၍ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ ဘဒ္ဒန္တဇာဂရ(ဩဝါဒါစရိယ၊ သမုတိ)ဆရာတော် ဖုန်း-၆၃၆၂၆၁၊ ဥက္ကဋ္ဌ ဦးအောင်နိုင် ဖုန်း-၆၃၆၃၁၀ နှင့် ဂေါပကအဖွဲ့ရုံး ဖုန်း-၆၃၆၀၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာကန္ဒီကျောင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၁

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် (၉၄) ရပ်ကွက် ယုဇနဥယျာဉ် ဘဒ္ဒန္တသုမနသာဂရ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သီတင်းသုံးတော်မူသော မြန်မာကန္ဒီကျောင်းတိုက်တွင် ဝါဆိုလပြည့်ကျော် ၇ရက် ဇူလိုင် ၁၆ရက် (တနင်္ဂနွေနေ့)တွင် ပင့်သံဃာအပါး ၄၀ကျော်တို့အား ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဇွန် ၂၈ ရက်က အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စမ်းချောင်းမြို့နယ် သမဝါယမဦးစီးဌာန ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ် အတွက် ဝင်ငွေခွဲနှင့် စာရင်းစစ် ကြေးများ ပေးအပ်ပွဲကျင်းပရာ စာရင်းစစ်ကြေးကို အသင်းများ၏ ကိုယ်စား အသင်းဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်းက သမဝါယမဦးစီးအရာရှိ ဒေါ်ရီရီထံ ပေးအပ်စဉ်။ (က-ပ)

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ အမှတ်(၁)ရပ်ကွက် အမက(၄)တွင် ဇွန် ၂၈ရက်က နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးကုတ်သံဝေဇနိယ (နေ့)တရားစခန်း

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်သွေးဆေးကန်အနီး မူလကမ္ဘာအေးလေးကျောင်းတိုက် (မိုးကုတ်သံဝေဇနိယဓမ္မပူဇာအဖွဲ့)က (၁၁) ကြိမ်မြောက် တရားစခန်းကို ဇူလိုင် ၂၂ ရက် (စနေနေ့)မှ ဇူလိုင် ၂၆ ရက် (ဗုဒ္ဓဟူးနေ့)အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်၍ မိုးကုတ်ဆရာတော်ကြီး၏ တရားတော်များကို တိုက်ရိုက်နာယူကျင့်ကြံ အားထုတ်ကြမည်ဖြစ်ရာ ကျောင်းတိုက်ဆရာတော် ဦးဝိမလ၏ ဩဝါဒကိုခံယူလျက် ဆရာမ ဒေါ်အေးခိုင် (ဆုထူးပန် အဘိဓမ္မာ)က တရားတော် အနှစ်ချုပ် စာစောင်များနှင့် ကြိုတင်ပေါင်းကူး ရှင်းလင်းဆွေးနွေးပေးမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် ဇူလိုင်၁၆ ရက် (တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ ဆရာတော်ဦးဝိမလနှင့် အရှင်သုစိတ္တာ ဖုန်း-၃၈၂၂၈၆ နှင့် ဆက်သွယ်၍ ဝင်ခွင့်ပုံစံများတောင်းယူဖြည့်စွက် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

နိုင်ငံတော်ကချမှတ်ထားသော ကုန်သွယ်မှု မူဝါဒအတိုင်း လိုက်နာဆောင်ရွက် မိမိအကျိုးစီးပွားသာမက နိုင်ငံ့အကျိုးစီးပွားပါ တစ်ပက်တစ်လမ်းမှကူညီ

ရန်ကုန် ဇူလိုင် ၁၁

ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာနစုံညီခန်းမ၌ကျင်းပရာ ဆိပ်ကမ်း ကုန်တင်/ကုန်ချလုပ်ငန်းများသွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းမှာကြား

အစီအစဉ်အရ ဆိပ်ကမ်း ကုန်တင်/ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့် အမှာစကားပြောကြားရာ၌ ပို့ကုန်သွင်းကုန် လုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်က ချမှတ်ထားသည့် ကုန်သွယ်မှု မူဝါဒအတိုင်း လုပ်ငန်းရှင်များက အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရေး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

တင်ပြ

ထို့နောက် ဆိပ်ကမ်း ကုန်တင်/ကုန်ချလုပ်ငန်းများသွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး ကော်မတီဝင် ဗိုလ်ချုပ်တင်ဌေးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် သီဟသူရဦးသိန်းထွန်းတင်တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြသည်။

ဝိုင်းဝန်းကူညီ

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ဆိပ်ကမ်း ကုန်တင်/ကုန်ချ လုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပို့ကုန်သွင်းကုန် လုပ်ငန်းများ မှန်ကန်၊ မြန်ဆန်စေရေး၊ ဆိပ်ကမ်း ကုန်တင်၊ ကုန်ချ လုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းရှင်များကလည်း မိမိတို့ လုပ်ငန်းများ အကျိုးစီးပွားရှိရေး အတွက်သာမက နိုင်ငံတော်၏ အကျိုးစီးပွားကိုလည်း တစ်ဖက် တစ်လမ်းက ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန် နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညွင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီး အတွက် ဦးအောင်မြ-ဒေါ်မိမိစိန်၊ သား သုတအောင် မိသားစုတို့က စုစုပေါင်း အလှူငွေကျပ် ၂၂၀၀၀၀ကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညွင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ရန်ကုန်ဆုထူးပန်စာသင်တိုက်နှင့် ကျောင်းတိုက်ခွဲများ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၁

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆုထူးပန်ဆရာတော် သလ္လာအရှင်ပဏ္ဍိတ၏ သက်တော်(၇၀)ပြည့် မွေးနေ့၌ ဆရာတော် ကြီးမှူးဖွင့်လှစ်သည့် ဆုထူးပန် ပရိယတ္တိရွှေကျင်ကျောင်းတိုက်၌ ဝါကပ်ဆိုကြသော သံဃာတော်အပါး ၁၅၀ နှင့်ပင့်သံဃာတော်အပါး ၅၀ကျော်တို့အား(ဝါဆိုလပြည့်ကျော် ၇ရက်) ဇူလိုင် ၁၆ ရက် နံနက် ၉နာရီတွင်လည်းကောင်း၊ သန်လျင်မြို့ အေးမေတ္တာရပ်ကွက် ဆုထူးပန်ကန်တော်မင်္ဂလာ သံဃာတော်တို့အား(ဝါဆိုလပြည့်ကျော် ၅ ရက်) ဇူလိုင် ၁၄ ရက်တွင်လည်းကောင်း ကာလဒါနအဖြစ်ဖြင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မြသိန်းတန်ကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၁

ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက်၌ ဝါကပ်တော်မူကြသော သံဃာတော်၉၅ပါးတို့အား ပုဇွန်တောင်ဈေး စီရုံနှင့် အပြင်တန်း အုန်းငှက်ပျောတန်းလူငယ်မောင်မယ်များက ဒုတိယအကြိမ်ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင်၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ကျင်းပမည် ဖြစ်ရာ ပုဇွန်တောင်ဈေး စီရုံနှင့်အပြင်တန်းလူငယ်မောင်မယ်များထံသို့လည်းကောင်း၊ ဦးပန် ဖုန်း-၂၉၁၇၉၃ နှင့် ကိုအောင်ခိုင် ဖုန်း-၂၉၇၄၅၀တို့သို့လည်းကောင်း ဆက်သွယ်၍ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနက ကြီးမှူး ဖွင့်လှစ်သည့် အခြေခံစီမံခန့်ခွဲမှု ဆင့်ပွားသင်တန်း အမှတ်စဉ် ၃/၂၀၀၆ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ရက်က တောင်ဥက္ကလာပမြို့နယ် အထက(၂) သီရိမြန်မာခန်းမ၌ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နန်းရွှေယဉ်က သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။

(၄၀၀)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ စီးပွား/ ကူးသန်းက ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းကို အနိုင်ရ

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်ကို ယနေ့ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ စတင်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ယနေ့ပွဲ

ဇူလိုင် ၁၂ရက်**(ယနေ့)** ညနေ ၃နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် စွမ်းအင်အသင်းနှင့် ပို့ဆောင်ရေးအသင်းသို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(မြန်မာ့အလင်း)

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေရာဒေသအချို့၌ ရေလွှမ်းမိုးမှုများဖြစ်ပွား လုံခြုံရေးနှင့် ကယ်ဆယ်ရေးအစီအမံများ ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းအချို့တွင် ယခုရက်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေရာဒေသအချို့၌ ရေကြီးရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ကြပ်မတ်စစ်ဆေး

ဇူလိုင် ၁၀ ရက် ည ၆ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြို့ မြစ်ရေအမှတ်မှာ ၈၉၁ စင်တီမီတာ ရှိပြီး ပဲခူးမြို့ အနိမ့်ပိုင်းရပ်ကွက် ကိုးခု၌ ရေများ ဝင်ရောက်လျက် ရှိသဖြင့် ကယ်ဆယ်ရေးစခန်း ၂၁ခု စီစဉ်ထားရှိ၍ ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် နယ်မြေ ၁၃ခုနှင့် ကလျာဏီရပ်ကွက်ရှိ အိမ်ထောင်စုဝင် အချို့အား ကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း၊ ပဲခူးမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၉၁၀ ကျော်လွန်ပါက ရေဘေးသင့် အိမ်ထောင်စုများအား ကယ်ဆယ်ရေးစခန်းများ၌ နေရာချထားပေးသွားရန် စီစဉ်ထားရှိကြောင်း၊ ရွှေသာလျောင်းဘုရားသို့ သွားသော လမ်းမပေါ်တွင် ရေနက်နှစ်ပေ၊ အကျယ်ပေ ၅၀၀ကျော် ရေလွှမ်းမိုးလျက်ရှိပြီး အခြေခံပညာမူလတန်းကျောင်း အချို့ကို ခေတ္တပိတ်ထားပေးကြောင်း၊ ပဲခူးမြို့နယ်အတွင်း ရန်ကုန်-မန္တလေးကားလမ်းမ တစ်လျှောက် ရေဖြတ်ကျော်မှုမရှိသေးကြောင်းနှင့် မြို့တာပတ် လုံခြုံရေး၊ ရေကင်းများ၊ ကယ်ဆယ်ရေးစခန်းများ အသင့်ထားရှိ စောင့်ကြပ်နေပြီး တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

ရေကျော်

အလားတူ ဇူလိုင် ၇ရက်မှ ၉ရက်အထိ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဧရာဝတီတိုင်း ရေကြည်မြို့နယ် ရေနံ့သာလမ်းဆုံမှ ဘက်ရဲသို့သွားသော လမ်းတွင် မိုင်တိုင်အမှတ် (၆၅)နှင့် (၆၄)အကြား၌ ရေအနက်ခြောက်လက်မခန့် ရေကျော်လျက်ရှိပြီး ရေနံ့သာလမ်းဆုံမှ ငွမြို့သို့သွားသည့် လမ်းရှိ ကွင်းပြင်ကျေးရွာ အဝင်လမ်းပေါ်၌လည်း ရေအနက် ခြောက်လက်မခန့် ရေကျော်လျက်ရှိသည်။

ဟင်္သာတမြို့ မြဝတီရပ်ကွက်ရှိ အိမ်ထောင်စုအချို့ကို နေရာပြောင်းပေးထားပြီး လေးမျက်နှာမြို့နယ်၌ အခြေခံပညာမူလတန်းကျောင်း အချို့ကို ခေတ္တပိတ်ထားပေးကြောင်း၊ အင်္ဂပူမြို့နယ်ရှိ နန်ကသူဆည်တွင် ရေကျော်မှုဖြစ်ပေါ်ခဲ့သဖြင့် တာဝန်ရှိသူများက လိုအပ်သည့် အစီအမံများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ရန်ကုန်-ကျိုက်ထိုကားလမ်း မိုင်တိုင်အမှတ်(၉၁/၅)နှင့်(၉၁/၆)အကြားရှိ သံကူကွန်ကရစ်တံတားတစ်စင်းမှာ ဇူလိုင် ၁၀ရက် နံနက်က ရေတိုက်စားမှုကြောင့် တံတားအနည်းငယ်နိမ့်သွားခဲ့သော်လည်း ညနေ၃နာရီခွဲတွင် ပြန်လည်ပြင်ဆင်ပြီးစီးပြီး မော်တော်ယာဉ်များ ပုံမှန်သွားလာနိုင်ပြီ ဖြစ်သည်။

ကယ်ဆယ်ရေးဆောင်ရွက်

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ အတ္တရံမြစ်ရေ၏ စိုးရိမ်ရေမှတ်မှာ စင်တီမီတာ၅၁၀ဖြစ်ရာ ဇူလိုင် ၁၀ရက် နံနက် ၁၀နာရီ တိုင်းထွာချက်အရ ၄၅၁ စင်တီမီတာ ရောက်ရှိနေသဖြင့် ရပ်ကွက်အချို့မှ အိမ်ထောင်စုဝင်အချို့ကို နေရာရွှေ့ပြောင်းပေးထားပြီး စာသင်ကျောင်းအချို့ကိုလည်း ခေတ္တပိတ်ထားပေးကြောင်း၊ ရေနစ်မြုပ်သည့်နေရာများ၌ လုံခြုံရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ဇူလိုင် ၆ရက်မှစ၍ ရေကြီးမှုကြောင့် ရပ်ကွက်လေးခုနှင့် ကျေးရွာ သုံးရွာခန့် ရေနစ်မြုပ်ခဲ့သဖြင့် ကယ်ဆယ်ရေးစခန်း ၁၄ခုသို့ အိမ်ထောင်စုများ ရွှေ့ပြောင်း နေရာချထားပေးခဲ့ပြီး တာဝန်ရှိသူများက ဇူလိုင် ၁၁ရက်တွင် သွားရောက်ကြည့်ရှုပြီး ကယ်ဆယ်ရေး ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း၊ မော်လမြိုင်-ရန်ကုန် ကားလမ်းရှိ ဘီးလင်းချောင်းတွင် သုံးပေခန့် ရေကျော်လျက်ရှိသဖြင့် ကားအသွားအလာများ ခေတ္တရပ်ဆိုင်းထားရကြောင်း သိရသည်။

ထို့အတူ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်အတွင်း ဇူလိုင် ၁၀ရက်တွင် တောင်ကျချောင်းရေများ စီးဝင်ခြင်း၊ ဒီရေများမြင့်တက်ခြင်းကြောင့် နှန်းမြေများ တင်ကျန်ခဲ့ပြီး ပန်းတောင်း-တောင်ကုတ်လမ်းမိုင်တိုင်အမှတ်(၈၃/၃)၌ မြေပြိုကျ ပိတ်ဆို့နေသဖြင့် ယာဉ်သွားလမ်းများ ရပ်ဆိုင်းခဲ့ကြောင်း၊ သံတွဲ-တောင်ကုတ်လမ်း မိုင်တိုင်အမှတ်(၈/၃)၌ သစ်သားတံတားတစ်စင်းပြိုကျခဲ့သဖြင့် ခရီးသည်များအား ယာဉ်ရွှေ့ပြောင်းပို့ဆောင်ပေးခဲ့ကြောင်း၊ သံတွဲချောင်းရေသည် ဇူလိုင်၉ရက်ညနေ၄နာရီတွင် မြို့တွင်းရှိ လမ်းမပေါ်သို့ ရေအမြင့် ငါးပေခန့်အထိ တက်ရောက်ခဲ့ပြီး ဇူလိုင် ၁၀ရက် မွန်းတည့်၁၂နာရီတွင် ရေများပြန်လည်ကျဆင်းသွားကြောင်း၊ တောင်ကုတ်-သံတွဲ ကားလမ်းပေါ်ရှိ တံတားအချို့ ရေကျော်၍ ပျက်စီးခဲ့သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

စိုးရိမ်ရေမှတ်အထက်

တနင်္သာရီတိုင်း တနင်္သာရီမြို့၌ ဇူလိုင်၆ရက်တွင် စိုးရိမ်ရေမှတ်အထက် ရောက်ရှိခဲ့သဖြင့် မြို့ပေါ်ရပ်ကွက် နှစ်ခုမှ အိမ်ထောင်စုဝင်အချို့ကို ရွှေ့ပြောင်း နေရာချထားပေးခဲ့ပြီး စာသင်ကျောင်းအချို့ကို ခေတ္တပိတ်ထားပေးကြောင်း၊ တာဝန်ရှိသူများကလုံခြုံရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ခံယူ

သင်္ဃန်းကျွန်းမြို့နယ် အမှတ် ၅၂(စီ) ရတနာလမ်းနေ အောင်အောင် (မိတ်ကပ်နှင့်ဆံပင်) မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။

(က-ပ)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆက်တွဲသတင်းများ

ကမ္ဘာတစ်လွှားအားကစား

ဘာလင် ဇူလိုင် ၁၁

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး ပြီးဆုံးခဲ့သော်လည်း ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆက်တွဲသတင်း ဂယက်များကို စုစည်းဖော်ပြလိုက်ပါသည်။

စုစည်းရေးသားသူ – မောင်မောင်မြင့်ဆွေ

ရောမမြို့၌ အီတလီအသင်းသားများ ဤသို့ အောင်ပွဲခံခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)

အီတလီပရိသတ် ဖွေးဖွေးလှုပ်နေသည့်ကြားမှ အီတလီနိုင်ငံတော်အလံနှင့်ကမ္ဘာ့ဖလားကို သယ်ဆောင်လာသော အီတလီဘောလုံးသမားများ လိုက်ပါလာသည့် မော်တော်ယာဉ်တန်းသည် လာရောက်ကြိုဆိုသည့် ပရိသတ်များပြားလွန်းသည့်အတွက် အချိန်ကြာမြင့်အောင် မောင်းထွက်မရဖြစ်ခဲ့ရသည်။

ကမ္ဘာ့ဖလားကြီးကို မျှော်ကြည့်ရင်း ဝမ်းသာလွန်း၍ မျက်ရည်ကျလျက် ပြုံးနေသော အီတလီပရိသတ်တို့ကလည်း မော်တော်ယာဉ်တန်းဘေးပတ်လည်တွင် တိုးမပေါက်ရှိနေခဲ့ကြသည်။ တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များ၏ တောင်းပန်မှုဖြင့် မော်တော်ယာဉ်တန်းထွက်ခဲ့ရပြီး ရောမမြို့တွင်း၌ လှည့်လည်ပြသခဲ့ရာ ရောမမြို့လုံးကျွတ် လမ်းမများ ပေါ်ထွက်ကာ ကြိုဆိုခဲ့ကြသည်။

အီတလီဘောလုံးသမားများအား သူရဲကောင်းများသဖွယ်ကြိုဆို

၂၀၀၆ ကမ္ဘာ့ဖလားကို ခက်ခက်ခဲခဲ ထိုက်ထိုက်တန်တန်ကြိုးစားရယူခဲ့သော အီတလီဘောလုံးသမားများအား အီတလီနိုင်ငံ ရောမလေဆိပ်မှ လူထောင်ပေါင်း များစွာက သူရဲကောင်းများသဖွယ် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

နစ္စတယ်ရွိုင်းကို ရီးရဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေ။ (ဓာတ်ပုံ–အင်တာနက်)

အီတလီနည်းပြ မာဆယ်လိုလစ်ပီ။ (ဓာတ်ပုံ–အင်တာနက်)

အောင်ပွဲရ အီတလီဘောလုံးသမားများအား အီတလီသမ္မတ နာပိုလီတာနိုနှင့် အီတလီဝန်ကြီးချုပ် ရိုမာနိုပရိုဒီတို့က ချီဂီသမ္မတနန်းတော်၌ ဂုဏ်ပြုတွေ့ဆုံခဲ့ကာ ကမ္ဘာ့ဖလားရရှိအောင် အစွမ်းကုန်ကြိုးစားခဲ့သော အီတလီဘောလုံးသမားများအား အီတလီနိုင်ငံ၏ အမြင့်ဆုံး ဂုဏ်ထူးဆောင် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့အတူ အီတလီနည်းပြ မာဆယ်လိုလစ်ပီကိုလည်း အမြင့်ဆုံး ဂုဏ်ထူးဆောင် ဆုတံဆိပ်ပေးအပ်ခဲ့သည်။

ထို့နောက် အီတလီအသင်းခေါင်းဆောင် ဖာဘီရိုကင်နာဗာရိုက မိမိတို့သည် ချန်ပီယံများဖြစ်ကြသည်ဟု အသင်းသားများနှင့် ကြွေးကြော်ခဲ့သည်။

အီတလီနောက်ခံလူ မာတာရာဇီက ဇီဒန်းအား အကြမ်းဖက်သမားဟု မပြောခဲ့ကြောင်းငြင်းဆို

အီတလီနှင့် ပြင်သစ်တို့ ကမ္ဘာ့ဖလားဗိုလ်လုပွဲစဉ်၌ ဇီဒန်းအား အကြမ်းဖက်သမားဟု မိမိမပြောခဲ့ကြောင်း အီတလီနောက်ခံလူ မာတာရာဇီက ငြင်းဆိုလိုက်သည်။

မီဒီယာများတွင် ဖော်ပြလျက်ရှိသော အကြောင်းအရာများကို မိမိမပြောခဲ့ကြောင်း၊ ဇီဒန်း၏ ကိုယ်စားလှယ်ပြောစကားမှာ မမှန်ကြောင်း၊ မိမိသည် ယဉ်ကျေးမှုကိုနားလည်သော လူတစ်ဦးဖြစ်ကြောင်း အီတလီအသင်း ရောမမြို့သို့ ပြန်ရောက်ပြီး မကြာမီ မာတာရာဇီက ပြောကြားလိုက်သည်။

မာတာရာဇီက ဆက်လက်ပြောကြားရာတွင် ဇီဒန်းက မိမိတို့ကိုမည်သို့ပြုလုပ်ခဲ့သည်ကို ရုပ်မြင်သံကြား၌ တွေ့မြင်ခဲ့ကြရမည်ဖြစ်ကြောင်း၊ ဇီဒန်း ယခုလိုပြုမူဖြစ်အောင် မိမိမည်သို့မျှ မပြုလုပ်ခဲ့ကြောင်း ပြောကြားသည်။

ဇီဒန်းကမူ မိမိကို မခံချင်အောင်ပြောကြားခဲ့ပြီး မိမိ၏နာကျင်နေသောလက်ကို ထိခိုက်အောင် ပြုလုပ်ခဲ့သည်ဟုဆိုသည်။ ယခုကဲ့သို့ အငြင်းပွားမှုကို ဇီဒန်းက ပြင်သစ်ရုပ်မြင်သံကြား၌ မကြာမီ တရားဝင်သတင်းထုတ်ပြန်မည်ဟုဆိုသည်။

အီတလီနည်းပြအဖြစ် ဆက်လက်တာဝန်ယူလိုကြောင်း လစ်ပီပြောကြား

အီတလီအသင်းကို ကမ္ဘာ့ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် အီတလီနည်းပြ မာဆယ်လိုလစ်ပီက မိမိ အနေဖြင့် အီတလီနည်းပြအဖြစ် ဆက်လက်တာဝန်ယူလိုကြောင်း ပြောကြားလိုက်သည်။

အီတလီနည်းပြအဖြစ် ယခုလအထိသာ တာဝန်ယူရန် စာချုပ်ချုပ်ထားသည်ဖြစ်ရာ အသက်(၅၈)နှစ် အရွယ်ရှိ မာဆယ်လိုလစ်ပီက ယခုကဲ့သို့ သူ၏ဆန္ဒကို ထုတ်ဖော်ပြောကြားလိုက်ခြင်း ဖြစ်သည်။

အီတလီဘောလုံးအဖွဲ့ချုပ်ဖြင့် မိမိ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန်ရှိကြောင်း၊ မိမိအနေဖြင့် လက်ရှိအလုပ်တွင် ပျော်ရွှင်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ မာဆယ်လို လစ်ပီသည် ဂျူဗင်တပ်စ် နည်းပြဟောင်းတစ်ဦးဖြစ်ပြီး မန်ယူအသင်းကလည်း မကြာမီကပင် ဆက်သွယ်ခေါ်ယူလျက်ရှိသည့် နည်းပြတစ်ဦး ဖြစ်သည်။

- **နစ္စတယ်ရွိုင်းကို ရီးရဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့ အပြိုင် ကြိုးပမ်းနေ။**
- **ဖီဖာ၏ ၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပွဲ၌ အကောင်းဆုံးဂိုးသမားဆု အီတလီဂိုးသမား ဘက်ဖွန်ရရှိ။**
- **၂၀၀၆ ကမ္ဘာ့ဖလား၌ စိတ်လှုပ်ရှားစရာအကောင်းဆုံးအသင်းအဖြစ် ပေါ်တူဂီရရှိ။** ။

(အင်တာနက်)

ဇီဒန်းအား ဘောလုံးမှော်ဆရာအဖြစ် သတ်မှတ်သင့် ပြင်သစ်တိုက်စစ်မှူး ဒေးဗစ်ထရက်ဇီဂေး ပြောကြား

တင်ပြသူ

မြင့်မောင်စိုး

ပါရီ ဇူလိုင် ၁၁

ဇီနက်ဒင်းဇီဒန်း ကမ္ဘာ့ဖလားမှ ထွက်သွားရသည်ဆိုသော်လည်း ဘောလုံးမှော်ဆရာအဖြစ် သတ်မှတ်သင့်ကြောင်း ပြင်သစ်တိုက်စစ်မှူး ဒေးဗစ်ထရက်ဇီဂေးက ပြောကြားလိုက်သည်။

အနားယူ

ဇီဒန်းသည် အီတလီနောက်တန်းလူ မာတာရာဇီအား ဗိုလ်လုပွဲ၌ ခေါင်းနှင့် တိုက်ချခဲ့ပြီးနောက် ပြင်သစ်က ပယ်နယ်တီဖြင့် မရှုံးမီ နိုင်ငံတကာ ဘောလုံးလောကမှ အနားယူခဲ့သည်။

၎င်းသည် ထူးခြားပြောင်မြောက်သော ကစားသမားဖြစ်ပြီး ထူးဆန်းသော လူသားလည်းဖြစ်ကြောင်း ထရက်ဇီဂေးက ပြောကြားသည်။

ထပ်လောင်းပြောကြား

ပြင်သစ်အသင်းအတွက် ဇီဒန်း၏ ကြိုးပမ်းချက်များကို အားလုံးက ကျေးဇူးတင်ကြောင်း၊ ၎င်းအနေဖြင့် အနားမယူမီ ပြင်သစ်အသင်းအား ပိုကောင်းအောင် တွန်းပို့လိုက်ခြင်းပင်ဖြစ်ကြောင်း ထရက်ဇီဂေးက ထပ်လောင်း ပြောကြားသည်။

ရှင်းပြ

ဇီဒန်းသည် ဗိုလ်လုပွဲ၌ အချိန်ပိုပြီးရန် ၁၀မိနစ်အလိုတွင် ထွက်ခွာသွားရခြင်းမှာ မာတာရာဇီက တစ်စုံတစ်ရာသော စကားကို ဇီဒန်းအား ပြောကြားခဲ့၍ဖြစ်ကြောင်း ဇီဒန်း၏ ကိုယ်စားလှယ်က ရှင်းပြခဲ့သည်။

ပြင်သစ်အသင်း ခေါင်းဆောင် ဇီဒန်း တနင်္လာနေ့က ပါရီမြို့သို့ ပြန်ရောက်လာရာ သူ့အား သူရဲကောင်းတစ်ဦးအဖြစ် ကြိုဆိုခဲ့ကြသည်။

(အင်တာနက်)

ကမ္ဘာ့ဖလားအပြီး ဂျာမနီမှ ပြန်လာသော ပြင်သစ်အသင်း ခေါင်းဆောင် ဇီဒန်းအား သူရဲကောင်းအဖြစ် ဤသို့ ကြိုဆိုခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)



ဂျူဗင်တပ်စ် နည်းပြသစ် ဖြစ်လာသော ပြင်သစ်အသင်း ခေါင်းဆောင်ဟောင်း ဒက်ရှ်ချမ့်စ်။ (ဓာတ်ပုံ–အင်တာနက်)

ပြင်သစ်အသင်းခေါင်းဆောင်ဟောင်း ဒက်ရှ်ချမ့်စ် ဂျူဗင်တပ်စ်နည်းပြသစ်ဖြစ်လာ

ပါရီ ဇူလိုင် ၁၁

ပြင်သစ်အသင်းခေါင်းဆောင်ဟောင်း ဒီဒီယာဒက်ရှ်ချမ့်စ်အား ဂျူဗင်တပ်စ်နည်းပြအဖြစ် ရွေးချယ်ခန့်အပ်လိုက်ကြောင်း ၎င်းကလပ်အသင်းက ပြောကြားသည်။

စာချုပ်ချုပ်

ဒက်ရှ်ချမ့်စ်သည် ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလား ပြင်သစ်အသင်း ဗိုလ်စွဲနိုင်အောင် ဦးဆောင်ကစားခဲ့သူဖြစ်သည်။ ၎င်းသည် ဂျူဗင်တပ်စ်၌ နှစ်နှစ်စာချုပ် ချုပ်ဆိုလိုက်သည်။

အသက် ၃၇ နှစ်အရွယ်ရှိ အဆိုပါ နည်းပြသည် မိုနာကိုအသင်းအား ဖလားသုံးလုံးနှင့် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ရန် စွမ်းဆောင်ပေးခဲ့သော နည်းပြလည်းဖြစ်သည်။ ၎င်းအား ရီးရဲလ်မက်ဒရစ်သို့ ယခုသီတင်းပတ်တုန်းက ပြောင်းရွှေ့သွားသော ဖာဘီယိုကာပယ်လို၏နေရာတွင် အစားထိုးမည်ဖြစ်သည်။

ဂျူဗင်တပ်စ်သည် စီးရီးအေမှ တန်းဆင်းရန် ခြိမ်းခြောက်ခံနေ ရသော အသင်းလေးသင်းတွင် တစ်သင်းအပါအဝင် ဖြစ်သည်။

ချယ်လ်ဆီးတွင် ကစားခဲ့ဖူးသော အဆိုပါနည်းပြသည် ပြီးခဲ့သောလက ဂျူဗင်တပ်စ် နည်းပြအဖြစ်လုပ်မည်ဟု ပြောကြားခဲ့သည်။

ဆုံးဖြတ်ချက်ချမည်

သို့ရာတွင် ဂျူဗင်တပ်စ်အသင်းအား တန်းဆင်းဒုန်ဆင်းရန်အတွက် ဆုံးဖြတ်ချက်မချရသေးဟုဆိုသည်။ ရောမမြို့ တရားရုံးတစ်ရုံးက ဂျူဗင်တပ်စ်၊ အေစီမီလန်၊ လာဇီယိုနှင့် ဖီအိုရင်တီးနားတို့အား ယခုသီတင်းပတ်၌ ယင်းကိစ္စနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်ချမည်ဟု ဆိုသည်။

၎င်းနည်းပြသည် ၁၉၉၄ နှင့် ၁၉၉၈ခုနှစ် ကာလအတွင်း ဂျူဗင်တပ်၌ ကစားခဲ့ပြီး အီတာလျံဖလား သုံးလုံးနှင့် ချန်ပီယံလိဂ် ဖလားများ ရယူပေးနိုင်ခဲ့သည်။

နှစ်နှစ်စာချုပ်မည်

၎င်းသည် ၁၉၉၈ ကမ္ဘာ့ဖလားနှင့် ယူရို ၂၀၀၀ ပြိုင်ပွဲများတွင် ပြင်သစ်အသင်းခေါင်းဆောင်အဖြစ် ပါဝင်ခဲ့ကာ ဖလားများရယူနိုင်ခဲ့သည်။ ဂျူဗင်တပ်စ်က ၎င်းအား ၂၀၀၈ခု ဇွန် ၃၀ အထိ နှစ်နှစ်စာချုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ကလင်းစမန်းအား ဂျာမနီနည်းပြအဖြစ် ဆက်လက်နေစေလို

ဘာလင် ဇူလိုင် ၁၁

ဂျာမနီနည်းပြ ကလင်းစမန်းသည် ဂျာမနီနည်းပြအဖြစ် ဆက်လက်လုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်း ဂျာမနီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ သီအိုရှဝမ်ဇီဂျာက ပြောကြားသည်။

ကလင်းစမန်းသည် လာမည့်တနင်္ဂနွေနေ့တွင် ကန်ထရိုက်စာချုပ်ကုန်ဆုံးမည်ဖြစ်ပြီး ကမ္ဘာ့ဖလား တတိယဆုရသော်လည်း ဂျာမနီတွင် နည်းပြအဖြစ် ဆက်လက်လုပ်ကိုင်ရန် ၎င်း၏သဘောထားနှင့်ပတ်သက်၍ ဖွင့်ဟခြင်း မရှိသေးဟုဆိုသည်။ ဂျာမနီဘောလုံးအဖွဲ့ချုပ်က ၎င်းအား နည်းပြအဖြစ် ဆက်လက်လုပ်ဆောင်ရန် မိမိနှင့် ဂျာမနီပရိသတ်များက ထောက်ခံလိမ့်မည်ဖြစ်ကြောင်း အဆိုပါ ဂျာမန်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက ပြောသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဂျာမနီနည်းပြသစ်အဖြစ် တင်ပြရန်မရှိကြောင်း၊ ကလင်းစမန်းသာရှိကြောင်း ၎င်းက ပြောခဲ့သည်။

ဂျာမနီအသင်းသည် အကြိုဗိုလ်လုပွဲတွင် အီတလီအသင်းအား ရှုံးနိမ့်ခဲ့ပြီးနောက် ယူရို ၂၀၀၈တွင် ဂျာမနီ အသင်းကို ဦးဆောင်မှုပေးမည်၊ မပေးမည်ဆိုသည့်ကိစ္စနှင့်ပတ်သက်ပြီး ၎င်း၏ဇနီးဖြစ်သူနှင့်တိုင်ပင်လိုသေးကြောင်း ကလင်းစမန်းက ပြောကြားသည်။ **(အင်တာနက်)**

Royal gold Beauty Soap မှကြီးမှူးကျင်းပသော--- **Miss Royal gold Soap 2006**

ချစ်စဖွယ်၊ သွက်လက်၍ ဉာဏ်ပညာထက်မြက်သော အလှပိုင်ရှင်ရှာပုံတော်

(Miss Royal gold soap) ဆုငွေကျပ်(၁၀)သိန်း နှင့်
(1st runner up) ဆုငွေကျပ် (၃)သိန်း နှင့်
(2nd runner up) ဆုငွေကျပ် (၂)သိန်း နှင့်
အထူးဆု(၃)ဆုအတွက် ဆုငွေကျပ်ငါးသောင်းနှင့်လက်ဆောင်ပစ္စည်း

လျှောက်လွှာစတင်လက်ခံမည့်ရက် - (3.7.2006)
လျှောက်လွှာပိတ်မည့်ရက် - (31.7.2006)
လျှောက်လွှာရယူနိုင်သည့်နေရာ - (Excel Shopping Mall ,2nd Fl)
ကျင်းပမည့်နေရာ -Excel Treasure Restaurant & Crystal Jade Wedding Hall (10th Fl)

★ ပွဲစဉ်အားလုံးတွင် ရွေးချယ်ခံရသူများကိုလည်း ဆုကြေးများချီးမြှင့်သွားမည် ဖြစ်ပါသည်။
★ နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ဆုရရှိသူ(၁၀)ဦးသည် Royal gold Soap နှင့်ကြော်ငြာရိုက်ကူးခွင့် ရရှိမည်ဖြစ်ပါသည်။
★ ပြိုင်ပွဲအတွက် ရွေးချယ်ခံရသူများကို Talent & Model မှ တာဝန်ယူသင်ကြားပြသပေးပါမည်။
★ မိတ်ကပ်၊ ဆံပင် တာဝန်ယူပြင်ဆင်ပေးမည်၊ လိုအပ်သောအဝတ်အစားများကို ဦးလှမိန် John Co.,Ltd မှကူညီပံ့ပိုးပေးမည် ဖြစ်ပါသည်။
★ နယ်အဝေးမှ ရွေးချယ်ခံရသော ပြိုင်ပွဲဝင်များကို ပြိုင်ပွဲရက်မတိုင်မီ နေထိုင်ရေးကိုစီစဉ်ပေးမည်။

Excel Treasure Tower အမှတ်(၅၂၀)၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်မီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 559744



စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းကျေးရွာနေ (ဦးသောင်းရင်)-ဒေါ်ကြွေတို့၏သားလတ်

မောင်ဝင်းအေး G.T.I (E.P)
A.E.O (F.G)

နှင့်

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ ၆၄ လမ်း၊ အမှတ် ၁၈နေ ဦးသိန်းစိုး(ရေယာဉ်မှူး၊ M.P.E)-ဒေါ်မြင့်မြင့်စန်းတို့၏သမီးကြီး

မကေခိုင်စိုး G.T.I (Civil)
M.Sc (Math), M.Res

တို့သည် ၁၀-၇-၂၀၀၆ရက် (တနင်္လာနေ့)တွင် နှစ်ဖက်မိဘများ၏ ခွင့်ပြုသဘောတူညီချက်အရ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ဝင်းအေး-မကေခိုင်စိုး။

လက်ထပ်မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ကျောက်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၇၄နေ (ဦးအုန်းမြိုင်)-ဒေါ်ရီရီမြင့်(ကျန်းမာရေးဆရာမ၊ ငြိမ်း)တို့၏သား

ကိုစိုးသန်းအုန်း B.Sc (Zool) (U.S.A)

နှင့်

ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဖြတ်လမ်း ၄၊ အမှတ် ၁၀၉နေ ဦးဖိုးနချေ-ဒေါ်ကြာဖြူမေ(ကုန်သည်)တို့၏သမီးထွေး

မခင်ခင်ဝင်း B.Sc (Chem.)

တို့၏ ၂၂-၆-၂၀၀၆ရက် (ကြာသပတေးနေ့)တွင် ကျောက်ဖြူမြို့ နေအိမ်၌ကျင်းပပြုလုပ်သော ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော မြို့နယ်တရားသူကြီး ဦးအောင်ကျော်သိန်းအားလည်းကောင်း၊ မင်္ဂလာလက်ထပ်ပွဲသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်မိဘဆွေမျိုးများအားလည်းကောင်း၊ ၂၅-၆-၂၀၀၆ရက်တွင် ကျောက်ဖြူမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်အားပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ကိုစိုးသန်းအုန်း-မခင်ခင်ဝင်း။

မင်္ဂလာဆုတောင်း

ကိုစိုးသန်းအုန်း နှင့် **မခင်ခင်ဝင်း** တို့၏ မင်္ဂလာဦးမှသည် နောင်နှစ်ပေါင်း များစွာတိုင် သာယာချမ်းမြေ့ပျော်ရွှင်သော ဘဝခရီးလမ်းကို ထာဝရလက်တွဲ လျှောက်လှမ်းနိုင်ပါစေ-။

မမကြီး-ဒေါ်ဇင်ရီမြိုင်၊ **ကိုကို**-ဦးရဲကျော်တင်-ဒေါ်အေးအေးမြင့်၊
ကိုကြီး-ဦးသန်းငွေအုန်း၊ **မမ**-ဦးညီညီဝင်း-ဒေါ်ဝင်းဝင်းအေး၊
မမလေး-ဒေါ်ဇင်မာမြိုင်၊
ကိုလတ်-ဦးအေးသန်းအုန်း-ဒေါ်ကြည်ကြည်ဝင်း၊
ညီငယ်-ဒုတိယဗိုလ်မှူးကြီးထွန်းသန်းအုန်း-ဒေါ်တင်ဥမ္မာ၊
ညီမ-ဒေါ်သန္တာမြိုင်၊ **ညီလေး**-ကိုအောင်သန်းအုန်း၊

တူ၊ တူမများ

မဆုမြတ်နွယ်၊မခိုင်ချယ်ရီနှင်း၊မောင်ဇင်ကိုထက်၊မောင်သော်ဇင်ထက်၊ မောင်မြတ်မင်းစိုး၊ မောင်ကောင်းမြတ်သူ၊ မအေးမြတ်မွန်၊ မောင်အောင်ဟိန်းခန့်၊ မောင်မြတ်ဟိန်းခန့်။



ကျိုက်ထီးရိုးတောင်တန်းသာသနာပြုဝါဆိုမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

ကျိုက်ထီးရိုး တောင်တန်းသာသနာပြု ဝါဆိုမိသားစု (သာကေတမြို့နယ်၏) (၂၉) ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၈ရက် နံနက် ၈ နာရီက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်၌ ကျင်းပရာ မြို့နယ်သံဃနာယက အဖွဲ့ဝင် ဆရာတော်များ၊ ကျိုက်ထီးရိုး တောင်တန်းသာသနာပြု အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တနန္ဒိယအမှူးပြုသည့် ကျိုက်ထီးရိုးတောင်တန်း တစ်လျှောက်ရှိ ကျောင်းများမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် အနယ်နယ်အရပ်ရပ်မှ ဝါဆိုမိသားစုဝင် ၁၃၀၀ကျော် တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရအဖွဲ့နာယက ဦးတင်လှိုင်-ဒေါ်ရင်ရင် မိသားစုက ကျိုက်ထီးရိုးရင်ပြင်တော်ကျောင်း ပါကေးခင်းရန် လှူဒါန်းသည့် ကျပ်ငွေသိန်းငါးဆယ်၊ နာယက ဦးဆန်းဝင်း မိသားစုက ရင်ပြင်တော် ကျောင်းပြုပြင်ရန် အဖွဲ့က လှူဒါန်းသည့် ငွေကျပ်သိန်းသုံးဆယ်၊ ဦးတင်စိန်-ဒေါ်မြင့်မြင့်စန်း မိသားစုက အဖွဲ့ကိုယ်စား လှူဒါန်းသည့် ငွေကျပ် ၃၇၅၀၀၀တန်ဖိုးရှိ မီးစက်တစ်လုံး၊အဖွဲ့ခေါင်းဆောင် ဦးဟန့်ခင်-ဒေါ်ချိုချိုတို့က ဝါဆိုမိသားစုကိုယ်စား လှူဒါန်းသည့် ငွေကျပ်ငါးသိန်း၊ ဝါဆိုမိသားစု အဖွဲ့က ကျိုက်ထီးရိုးစေတီတော် ဘက်စုံပြုပြင်ရန် လှူဒါန်းငွေကျပ် တစ်သိန်း၊ စာပြန်ပွဲ ရဟန်းသာမဏေ ပညာသင် လှူဒါန်းငွေကျပ်ငါးသောင်း၊ ဦးတင်လှိုင်-ဒေါ်ရင်ရင် မိသားစုက ဆရာတော်ဘဒ္ဒန္တပဏ္ဍဝ နှစ်ပတ်လည်ဆွမ်းကျွေးအတွက် အလှူငွေကျပ်ငါးသိန်း၊ ကွယ်လွန်သူဦးသောင်းညွှန့်အား ရည်စူး၍ ဒေါ်ရှုအိမ် မိသားစုက ရင်ပြင်တော်ကျောင်း ပြုပြင်ရန် လှူဒါန်းငွေကျပ်နှစ်သိန်းနှင့်မောင်မင်းမင်း-မခင်မွှေးမွှေး၊ သား ထက်ဦးလွင် (အောင်သီရိဆန်ရောင်းဝယ်ရေး) ကျုံမငေးမြို့က လှူဒါန်းသည့် ဆန် ၁၀၈ အိတ်တို့ကို အသီးသီးပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် အဖွဲ့နာယက ဦးတင်လှိုင် မိသားစု၊ ဦးတင်စိန် မိသားစုနှင့် ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်တို့က ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ရွှေပြည်ဟိန်း ဆရာတော် တရားပွဲ

ရန်ကုန် ဇူလိုင် ၁၁

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း၏ အရိယာဓမ္မာရုံကြီးတွင် ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်းကျောင်းတိုက် ပဓာနနာယက ပိဋကတ်တစ်ပုံခွဲဆောင် ဓမ္မကထိက အရှင်ခေမာသီရိလင်္ကာရ(သီတဂူကြာတပွင့်) ဆရာတော်သည် ဝါခေါင်လပြည့်ကျော် ၈ရက် (ဇူလိုင် ၁၇ရက်) တနင်္လာနေ့ မွန်းလွဲ ၁နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ပါရမီရိပ်သာ မဥ္ဇူလမ်း အမှတ် ၂၁နေ ဦးတင်သိန်း-ဒေါ်ရီရီ(မွေးနေ့အလှူ) သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းငါးသောင်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဇူလိုင် ၉ရက်က ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ရန်ကုန်မြို့ ဧရာဝတီတိုင်းဓမ္မာရုံ၌ကျင်းပရာ ကျိုက်လတ်မြို့နယ်အသင်း ဥက္ကဋ္ဌ ဗိုလ်မှူးမောင်ညိမ်း(ငြိမ်း)နှင့် အသင်းသူ အသင်းသားများ မြို့နယ်သူ မြို့နယ်သားများက ကျိုက်လတ်မြို့နယ်ဖွား ရန်ကုန်ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(မြန်မာ့အလင်း)

ဒိုက်ဦးမြို့ ကတုတ်ဘုရားကြီးကျေးရွာ မိခင်/ကလေးအသင်းခွဲရုံး အဆောက်အအုံသစ်ဖွင့်၊ အသင်းဝင်အဆိုပြုလွှာပေးအပ်

ဒိုက်ဦး ဇူလိုင် ၆

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်သည် ဇွန်၂၉ရက်နံနက်က ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲရုံး အဆောက်အအုံသစ်ကို တက်ရောက် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲရုံး အဆောက်အအုံသစ်ကို မြို့နယ်နှင့် ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က အသင်းခွဲရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

အခမ်းအနားတွင် တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာ ၅၀၀ကို ပေးအပ်ရာ ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က လက်ခံယူသည်။

ဆက်လက်၍ ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲရုံးကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ အဆောက်အအုံသည် အလျား ပေ ၅၀၊ အနံပေ ၂၀၊ အမြင့် ၁၂ပေရှိ အုတ်ခံသွပ်မိုး တစ်ထပ်ဖြစ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မတည်ငွေကျပ် ခြောက်သိန်း၊ အလှူရှင် ဦးစံငြိမ်းက ထည့်ဝင်လှူဒါန်းငွေကျပ် ၁၇သိန်း၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ၁၂သိန်းနှင့် အခြားလှူဒါန်းငွေများအပါအဝင် ငွေကျပ်သိန်း၅၀ခန့်ဖြင့် အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးတို့ ဇွန် ၂၈ရက်က ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့သွားရောက်ပြီး မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

မိုင်းကိုင် ဇူလိုင် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်၏ စံပြ ၁၀ ဧကေ စိုက်ခင်းတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင် ဦးဆောင်မှုဖြင့် စံပြ ၁၀ ဧကေ ခြံစည်းရိုးကြက်ဆူပင် စုပေါင်း စိုက်ပျိုးပွဲကို ဇွန် ၁၇ရက် နံနက် ၉နာရီက မိုင်းကိုင်မြို့နယ်တွင် စုပေါင်း စိုက်ပျိုးကြသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျန်းမာရေး၊ ပညာရေး ဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ အပင် ၁၂၀၀ ကို စိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျို့ပင်ကောက်မြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ကျို့ပင်ကောက် ဇူလိုင် ၇

ကျို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက် နံနက် ၈နာရီက ကျို့ပင်ကောက်မြို့နယ် ကျောင်းကုန်းရွာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ ကျွန်းပင် ၅၀၀နှင့် ကြက်ဆူပင် ၁၂၀၀တို့ကို စိုက်ပျိုးပေးကြကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုတိုက်ဖျက်ရေး ပညာပေးဟောပြော၊ စာစီစာကုံးဆုရသူများဆုချီးမြှင့်

မအူပင် ဇူလိုင် ၁

မအူပင်ခရိုင်တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ပညာပေးဟောပြောပွဲနှင့် စာစီစာကုံးဆုပေးပွဲအခမ်းအနားကို ဇွန်၂၆ရက်က မအူပင်မြို့ တိုးရွှေဝါခန်းမ၌ကျင်းပရာ ခရိုင်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြား

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းကြည်က မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။**(အောက်ပုံ)**

ဟောပြော

ဆက်လက်၍ မအူပင်ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယဉ်ငြိမ်း၊ ခရိုင်ဥပဒေအရာရှိ ဦးစိုးမြင့်၊ မြို့နယ် လက်ထောက်ပညာရေးမှူး ဦးမြင့်စိုး၊ မအူပင် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဝင်းနိုင်ကျော်တို့က မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဆိုင်ရာများ ပညာပေး ဟောပြောကြသည်။

ထို့နောက် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးဆုရ ကျောင်းသား၊ ကျောင်းသူ ၁၀ဦးတို့ကို တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။ **(၄၂၁)**

ချင်းပြည်နယ် ဟားခါးမြို့ နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အသားငါး သန့်ရှင်းသပ်ရပ်စွာ ရောင်းချရေးအတွက် ယင်လုံဆန်ခါများ တပ်ဆင်ပြီးစီးမှုအခြေအနေကို ဇွန် ၁၀ရက်က အမှုဆောင်အရာရှိဦးတင်အောင် ကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

မင်းကင်းမြို့၌ အခြေခံကွန်ပျူတာ သင်တန်းဆင်း

မင်းကင်း ဇူလိုင် ၁

ကလေးခရိုင် မင်းကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သော အခြေခံကွန်ပျူတာသင်တန်း (၁/၂၀၀၆)ဆင်းပွဲကို ဇွန်၉ရက် မွန်းလွဲ ၂နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းတင်ပြသည်။

ထို့နောက် သင်တန်းနည်းပြဆရာများကို မြို့နယ်ဥက္ကဋ္ဌက ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းက သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။ **(၂၀၃)**

လွိုင်လင်မြို့၌ အမျိုးသမီးရေးရာ အဖွဲ့ဝင် အဆိုပြုလွှာပေးအပ် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေများရှင်းလင်း

လွိုင်လင် ဇူလိုင် ၈

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက်၈နာရီက လွိုင်လင်မြို့ မြို့နယ်စည်ပင်သာယာရေးခန်းမ၌ ကျင်းပရာ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ကျောင်းသူလေးများက အင်အားသစ်များနှင့်အတူ သီချင်းကိုသီဆို၍ ဖွင့်လှစ်သည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ထွေးထွေးလှက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် တရားသူကြီး ဒေါ်သန်းသန်းအေးက အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးအတွက် ပြဋ္ဌာန်းဥပဒေများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေများမှ သိသင့်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသမီးများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုရကျောင်းသူများနှင့် ၂၀၀၅ခုနှစ်တွင် အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသည့် ကျောင်းသူသုံးဦးတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူ ၂၁၆ဦးတို့အတွက် အမျိုးသမီးရေးရာအဖွဲ့ဝင်ကတ်နှင့် ရင်ထိုးတံဆိပ်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြကပေးအပ်ရာ ကျောင်းသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါ အခြေခံပညာကျောင်းများမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများပေးအပ်ရာ မြို့နယ်အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြက လက်ခံရယူသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေသင်္ကန်းတော်လုံခြုံရေးအတွက် စေတီတော်ပန်းတင်ခုံ သံပန်းကာရန် ဥက္ကလာပစေတီတော် စနေဗုဒ္ဓဝေယျာဝစ္စအသင်းက အလှူငွေကျပ် တစ်သိန်းနှစ်သောင်းငါးထောင်ကို ဇွန် ၂၉ ရက်က မဟာမုနိ ဓမ္မာရုံကြီး၌ ရေစက်ချ၍ ဂေါပကအဖွဲ့ထံ ပေးအပ်စဉ်။ (၂၀၀)

မြိုင်မြို့၌ ယဉ်ကျေးမှုစာအောင်ဆုနှင်း

မြိုင် ဇွန် ၁၅

မကွေးတိုင်း မြိုင်မြို့နယ် လက်ယက်မစံပြရွာ ဥတ္တရာရာမ မနောရမ်ကျောင်းတိုက်၏ ဒုတိယအကြိမ် ယဉ်ကျေးမှုစာအောင်ဆုနှင်းသဘင်ပွဲနှင့် တတိယအကြိမ် နွေရာသီယဉ်ကျေးမှုသင်တန်းပိတ်ပွဲအခမ်းအနားကို မေ ၂၄ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သံဃသမ္မုတိ ကိုယ်စားလှယ် မြို့နယ်ဝိနည်းဓိုရ်ဆရာတော် ဘဒ္ဒန္တဝိဇယ(ဓမ္မာစရိယ)သင်တန်းမှူး၊ ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက် စာချဆရာတော် ဘဒ္ဒန္တစန္ဒိမာ(ဓမ္မာစရိယ)၊ သင်တန်းနည်းပြ အရှင်နေမိန္ဒ၊ အရှင်ပါကဌ၊ အရှင်တေဇောသာရနှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ဌေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင်များ၊ တက်ရောက်ကြသည်။

ယဉ်ကျေးမှု သင်တန်းတွင် ကျောင်းသား ကျောင်းသူ ၁၆၇ ဦး တက်ရောက်ပြီး ၉၇ ဦး ဝင်ရောက်ဖြေဆိုကြရာ ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိဇယက ယဉ်ကျေးမှုဘာသာတွင် ပထမဆုဖြင့် အောင်မြင်သူ မမြင့်မြင့်ခိုင်အား အောင်လက်မှတ်နှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)** **(က-ပ)**

မြန်မာအမျိုးသမီးများနေ့အခမ်းအနား မုံရွာမြို့၌ကျင်းပ စာစီစာကုံးနှင့်ကျပန်းစကားပြောပြိုင်ပွဲ ဆုရသူများဆုချီးမြှင့်

မုံရွာ ဇူလိုင် ၅

စစ်ကိုင်းတိုင်း မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာစစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ၂၀၀၅ ခုနှစ်အတွင်း ထူးချွန်ဆုရခဲ့ကြသည့် အမျိုးသမီးများကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ရာ အမျိုးသမီးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ တက္ကသိုလ်၊ ကောလိပ်အဆင့် ပထမဆုရသည့် စစ်ကိုင်းတိုင်း ပညာရေးတက္ကသိုလ်မှ မပြုံးပြုံးအိအား လည်းကောင်း၊ ဒုတိယဆုရစစ်ကိုင်းတိုင်း ပညာရေးကောလိပ်မှ မသော်တာဇန္ဒဝါဖော်အားလည်းကောင်း၊ တတိယဆုရ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ မခင်မြတ်သူဇာဝင်းအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နုနုဝင်းက အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တင်တင်ညွှန့်က အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရကြသူများကိုလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တင်ရွှေက (၃၅)နှစ် မြောက်နိုင်ငံတကာပေးစာပြိုင်ပွဲတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် ဆုရသူများနှင့် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျပန်းစကားပြောပြိုင်ပွဲတွင် အထက်တန်းအဆင့်ဆုနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရသူများကိုလည်းကောင်း၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မော်မော်ဝင်းက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ၊ ကွန်ပျူတာအသုံးချမှုပြိုင်ပွဲ၊ အလယ်တန်းအဆင့် ကွန်ပျူတာပြိုင်ပွဲများတွင် ဆုရသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆုပေးအပ်

ဆက်လက်ပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်စန္ဒာက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုရသူများကိုလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သောင်းသောင်းဝင်းက ကြက်ခြေနီထူးချွန်ဆုရသူများကိုလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မြမြဌေးနှင့် ဒေါ်နုနုဝင်းတို့က အားကစား ထူးချွန်ဆုရသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

တာချီလိတ်မြို့နယ်တွင် မီးဖွားမိခင်အား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

တာချီလိတ် ဇွန် ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလှသည် ဇွန် ၁၁ရက် နံနက် ၈ နာရီက တာချီလိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် အဆောက်အအုံရှိသားဖွားခန်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြူကြူလှက ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းဝင်များအား ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် တာချီလိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် အဆောက်အအုံရှိ သားဖွားခန်းတွင် မီးဖွားသော မိခင်နှစ်ဦးအား ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၃၀ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားစဉ်။ (မြို့နယ်စည်ပင်)

အကြိမ်(၅၀)မြောက် သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကျောင်းလမ်း အမှတ်(၄)နေ ဦးတင်ဝင်းထွန်း (Director-Crown Shipping Service Co.,Ltd. World Wide Exporters & Importers) **(အပေါ်ပုံ)** သည် ဇွန် ၈ ရက်က အမှတ်(၂)တပ်မတော်စစ်ဆေးရုံ (ခုတင်-၅၀၀) သွေးလှူဘဏ်တွင် အကြိမ်(၅၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော်(၄)ရက်
၁၃-၇-၂၀၀၆(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ပြင်ဦးလွင်ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဆောင်ရွက်ချက်များ)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) တွန်းအား Motivation ဒေါက်တာခင်မောင်ညို ပြန်ဆိုသည်)
(၂) မိသားစုကျန်းမာရေး- တိုင်းရင်းဆေးဝါးကုသနည်းများ (ကျော်တင့်ဆွေ)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ အိုခြင်းတရားနှင့် သိပ္ပံအမြင်- ပထမပိုင်း (မောင်ဆုရှင်)
၁၂:၂၀ အစာနှင့်အာဟာရ (တည်းသီး)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ သုတကမ္ဘာ
၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ပန်းနဲ့ပေါက်တာလည်း နာချင်တယ်
(၂) ပြောရမှာက မိန်းမသား
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် ရွှေမင်းဝန် ဦးဘုန်းမြင့်
၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (အနန္တကျေးရှူးရှင်)
၁၉:၄၀ ခေတ်မရွေးသောတေးများ
(၁) ပပဝင်း
(၂) ရွှေလည်တိုင်
(၃) အိပ်မပျော်သောညများ
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) သူစိမ်းလောက်မှ မကြင်နာတော့ဘူးလား
(၂) ချစ်စကား ဘယ်ခါ ကြားရပါ့မယ်
(၃) ဘယ်ရှေးရေစက်လဲကွယ်

နဝရတ်ရိပ်သာ လမ်းခင်းရန် ကျောက်စုဆောင်းမှုကြည့်ရှု

နမ့်ခမ်း ဇူလိုင် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် နဝရတ်ရိပ်သာလမ်း ကတ္တရာခင်းရန် ကျောက်စုဆောင်းထားရှိမှု အခြေအနေများကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

(မြို့နယ် ပြန်/ဆက်)



ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူဆောင်ရွက်သော ကျိုက်ပိ-သိမ်ငူလမ်းပေါ်ရှိ တံတားသစ်ဆောက်လုပ်ပြီးစီးမှုလုပ်ငန်းကို ဇွန် ၂ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့်တာဝန်ခံအင်ဂျင်နီယာဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကွမ်းခြံကုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၁

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို (၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက်)ဇူလိုင် ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ဗဟန်း (၃)လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ မြို့နယ်အသင်းသူအသင်းသားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အဆိုပါ ဝါဆိုသင်္ကန်းကပ်လှူပွဲအတွက် သင်္ကန်းနှင့် အခြားလှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းမည့် မြို့နယ်အသင်းသူအသင်းသားတို့သည် နာယက ဦးစိုးညွန့် ဖုန်း-၂၂၄၅၈၀၊ ဥက္ကဋ္ဌ ဦးကျော်ခိုင် ဖုန်း-၂၄၆၁၄၀၊ အတွင်းရေးမှူး ဦးကျော်စိုး ဖုန်း-၀၉ ၅၀၀ ၁၄၂၆၊ တွဲဖက်အတွင်းရေးမှူး ဦးစန်းအောင် ဖုန်း-၆၆၄၆၀၇၊ ဘဏ္ဍာရေးမှူး ဦးကြိုင်မြင့် ဖုန်း-၃၇၁၅၆၂၊ အမှုဆောင် ဒေါ်ဥ ဖုန်း-၀၉ ၈၀၃ ၃၉၁၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

တက်ရောက်လာသူများအား ဗိုလ်မှူး မြင့်သူ၊ ဒေါ်တင်မာလွင် မိသားစုက ကွမ်းခြံကုန်း ဆန်ခေါက်ဆွဲဖြင့်ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

FAME ဆယ်ပင်အားဆေး Completec®

Zaw Win & Associates
Car Rental & General Services
540545, 09-80-20091

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက် အကွက်အမှတ် ၈၀၆ ဦးပိုင်အမှတ် ၇၂၊ ၆၂လမ်း x ၂၈လမ်းထောင့်၊ မြေကွက်အား ဒေါ်ချစ် မှတ်ပုံတင်အမှတ် ၁/ကမန(နိုင်) ဝ၂၅ဝ၉၁ မှအမှုတွဲအမှတ် ဝ၃၂၉/၂၀၀၆-၂၀၀၇ ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ သက်တမ်းတိုး၊အမည်ပြောင်း၊ ဂရန်ပျောက်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက် အကွက်အမှတ် ၂၆ဝ ဦးပိုင်အမှတ် ၁၉၊ ၈၆လမ်းx၈၇လမ်းကြား၊ ဘိုးဘွားပိုင်မြေကွက်အား ဦးဇော်ဝင်းပါ၂ မှတ်ပုံတင်အမှတ် ၅/ရဘန(နိုင်) ဝ၂၈၃၁၃ မှ အမှုတွဲအမှတ် ဝဝ၇၆/ဘ(ပြောင်း)၂၀၀၆-၂၀၀၇ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

စစ်ကိုင်းမြို့ ပါရမီရပ်(က/၅၇)နေ အရာခံဗိုလ်ကံညွှန့်(ဝန်ထောက်၊ လျှပ်/စစ်)-(ဒေါ်ခင်ပိုသိန်း)တို့၏သား

ဗိုလ်ကြီးရဲခိုင်

B.C.Sc(D.S.A)Hons (U.C.S.Y) M.E(Technology)

လ/ထ ကထိက ကွန်ပျူတာဌာန စစ်တက္ကသိုလ်

နှင့်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဦးဝိစာရလမ်း ခြံအမှတ်(၃ဝ၅)နေ ဦးချမ်းသာ (M.D. Aung Bayin Trading Co., Ltd)-ဒေါက်တာသန်းသန်းဝေ (Director, Aung Bayin Trading Co., Ltd.) တို့၏သမီးငယ်

ဒေါက်တာဝေမွန်ငြိမ်းချမ်း

M.B,B.S (Ygn).I.D.C.S(N.C.C.UK)

အလုပ်သင်ဆရာဝန် အထွေထွေရောဂါကုဆေးရုံသစ်ကြီး ရန်ကုန်

တို့၏ ၂၂-၆-၂၀၀၆ရက်တွင် ထိမ်းမြားမင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် ညွှန်ကြားရေးမှူး ဦးထွန်းကြည်အားလည်းကောင်း၊ ၂-၇-၂၀၀၆ရက်တွင် ရန်ကုန်မြို့ Sedona Hotel Grand Ball Room ၌ ကျင်းပသော မင်္ဂလာညှိ့ခံပွဲတွင် မင်္ဂလာစံပယ်ကုံး ချီးမြှင့်ပေးပါသော ဒေါက်တာဦးဝမ်းမောင် [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ကျန်းမာရေးဦးစီးဌာန]နှင့်ဇနီး ဒေါက်တာ ဒေါ်မေမာလာဆွေ[(တွဲဖက်ပါမောက္ခ) သားဖွားမီးယပ်ပညာဌာန၊ ဆေး(၁)]အား လည်းကောင်း၊မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော (မကွေးဆေးတက္ကသိုလ် ပါမောက္ခချုပ်) ဒေါက်တာဦးမောင်မောင်ဝင်းနှင့်ဇနီး ဒေါက်တာဒေါ်မြခိုင်အားလည်းကောင်း၊ သတို့သားအရံ ဗိုလ်ကြီးကျော်ရဲနှင့် ဗိုလ်ကြီးမောင်မောင်စိုင်းထက်၊ သတို့သမီးအရံ ဒေါက်တာချောအိဝင်း၊ ပန်းအိဝင်း၊ မင်္ဂလာပန်းကြဲပေးသော လွင်လွင်ငြိမ်းချမ်း၊မင်္ဂလာပန်းကုံးနှင့် လက်စွက်ဇုန်း ကိုင်ဆောင်ပေးသော ဝိုင်းနုနုမျိုး၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်းနှင့် Nightingale အဖွဲ့၊ မိတ်ကပ်အလှဖန်တီးရှင် အောင်အောင်(တောင်ကြီး)၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်ယင်ပေးသော နှစ်သက်စရာ ရတနာဆိုင်မှ ဒေါ်အေးမွန်မွန်၊ ဗီဒီယို၊ဓာတ်ပုံမှတ်တမ်းတင်ပေးသော ကိုမြဝင်း (Rays)နှင့်အဖွဲ့၊ မင်္ဂလာညှိ့ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ မင်္ဂလာလက်ဆောင်များ ပေးပို့ကြသူများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော သူများအားလုံးအား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးရဲခိုင်-ဒေါက်တာဝေမွန်ငြိမ်းချမ်း။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၅- ခုနှစ်၊ တရားမဇာရီမှု အမှတ် -၄၂၂ (အမ်)

မြန်မာ့စီးပွားရေးဘဏ်(၁)	**နှင့်**	၁။ ဦးစောနိုင်ဝင်း
မန္တလေး။		၂။ ဒေါ်နှင်းစန္ဒာ
တရားနိုင်		**တရားရှုံး**

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၅၆ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့၊ (မြန်မာသက္ကရာဇ်၊ ၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

အမရပူရမြို့ အိုးတော်ရပ်ကွက် အကွက်အမှတ် ၅၉၇ ဦးပိုင်အမှတ် $\frac{၂၉၉+၃၀၀}{၅၃၃+၅၃၂}$ ဧရိယာ ဝ ဒသမ ဝ၅ ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ နံကပ်နှစ်ထပ်တိုက်နှင့်တွဲလျက် သွပ်မိုး၊ နံကပ်တစ်ထပ်စက်ရုံ အဆောက်အအုံ။

ကြမ်းခင်းဈေး ကျပ်သိန်း - ၁၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည် မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် နေ့ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့် ၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတရားရုံး

၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ် ၈၈(အမ်)

မြန်မာ့စီးပွားရေးဘဏ်(၁)		၁။ ဦးတင်မြင့်
မန္တလေး	**နှင့်**	၂။ ဒေါ်ခင်ရီ
တရားနိုင်		**တရားရှုံး**

၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၂၄၉ တွင်ရရှိခဲ့သော ဒီဂရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် ဩဂုတ်လ(၁၈)ရက်နေ့ မြန်မာသက္ကရာဇ်(၁၃၆၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့ မွန်းမတည့်မီ (၁၀)နာရီ အချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိုးကုတ်မြို့ ကသဲအုပ်စုအကွက်(ကွင်ပြင်ကသဲညောင်ပင်ကြီး ဦးပိုင်(၁၁) ဧရိယာ ဝ ဒသမ ၁၃၄ ဧကရှိ မြေနှင့်ယင်းမြေကွက်ပေါ်တွင် (၂၇ x ၂၄) ပေရှိ သွပ်မိုးနံကပ် နှစ်ထပ်တိုက်အဆောက်အအုံ။

ကြမ်းခင်းဈေးကျပ် သိန်း ၉၀

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကား ပါခြင်း၊ သို့တည်းမဟုတ်ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊မြို့သစ်(၁)ရပ်ကွက် အကွက်အမှတ် (တ-၅) ဦးပိုင်အမှတ် ၉၃၊ ၆၃လမ်းx၆၄လမ်းကြား၊သဇင်လမ်းတောင်ဘက်၊ ဂရန်မြေကွက်အား ဦးတွမ်ရင်ဖုံးပါ-၂ မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်) ဝ၃၂၆၁၇ မှအမှုတွဲအမှတ် ၁၇၁၁/၂၀၀၅-၂၀၀၆ ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း၊ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အများသိစေရန်

လှိုင်မြို့နယ် လျှပ်စစ်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော ကွယ်လွန်သူ ဦးလှရွှေ၊အဆင့်(၁)၁၂/လမန(နိုင်)ဝ၄၃ဝ၅၂ ၏ပင်စင် နှင့် ရပိုင်ခွင့် အရပ်ရပ်ကို တရားဝင်ဇနီးဖြစ်သော ကျွန်မ မဇင်မာသွင် ၁၄/မအန(နိုင်) ဝဝ၁၂၇၁ က လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်ရန်ရှိပါက မြို့နယ် လျှပ်စစ်ရုံး လှိုင်မြို့နယ်သို့ ၁၅-၇-၂၀၀၆ ရက် နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မဇင်မာသွင် ၁၄/မအန(နိုင်)ဝဝ၁၂၇၁။**

ကြော်ငြာစာ

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊မဟာဇေယျာဘုံရပ်ကွက် အကွက်အမှတ် (၇၉၄) ဦးပိုင် အမှတ် ၈၀-ခ(ခဲစင်းပြ) ၆၃လမ်း၊၂၄လမ်း ၂၅လမ်းကြား၊ ဘိုးဘွားပိုင် မြေကွက်အား ဦးတင်ဝင်းအောင်ပါ-၂ မှတ်ပုံတင် အမှတ် ၉/မရမ(နိုင်)ဝ၁၁၄၅ဝမှ အမှုတွဲအမှတ် ဝဝ၈၇/ဘ(ခွဲ/ပြောင်း) ၂၀၀၆-၂၀၀၇ ဖြင့်မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မက/၂၆၁၈၅ ဂျာလင်း ဒေါ်တင်မျိုးဦး ၈/မမန(နိုင်)၁၄၁၀၆၇၊
မက/၃၁၇၆၅ ကန်ဘို-၁၂၅ ဒေါ်မိုးသူဇာ ၈/ပခက(နိုင်)ဝ၃၇ဝ၂ဝ၊
မက/၃၂၀၀၁ ဟွန်ဒါ ဦးအေးလှိုင် ၈/မတန(နိုင်)ဝ၄၉၃၆၇၊
မက/၃၂၀၇ဝ ဂျာလင်း ဦးကျော်ဆန်း ၈/ပမန(နိုင်)ဝ၈၂၁၄၉၊
မက/၃၂၃၉၅ ဟွန်ဒါ ဦးအောင်ထန်းရှိန်း ၄/မတန(နိုင်)ဝ၁၇၈၂၁၊
မက/၃၃၃၅၇ ဟွန်ဒါ ဦးဇော်လတ် ၈/ထလန(နိုင်)ဝ၄ဝ၅၆၈ နှင့်
မက/၃၃၇၆၉ ဟွန်ဒါ ဦးငွေးဆောင် ၈/ပမန(နိုင်)ဝ၇၁ဝဝ၁
တို့၏(ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ၍ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ခရိုင်ရုံး)၊ပခုက္ကူမြို့။**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် အရှေ့မုခ် အာရုံခံတန်ဆောင်း အတွင်းကြေပြားခင်းရန်အတွက် ရန်ကင်းမြို့နယ် (၁၄)ရပ်ကွက် အမှတ်(၂၅) မင်းရဲကျော်စွာလမ်းနေ ဖခင်ကြီး ဦးကျော်သောင်းအား ရည်စူး၍ သမီး မသီဂီစိုး၊ မစန္ဒီသောင်း မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဘိုကလေး၌ အဆို၊ အက၊ အရေး၊ အတီး သင်တန်းဆင်း

ဘိုကလေး ဇူလိုင် ၁

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၁၅ ရက်က မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး သင်တန်းသူ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ဖျော်ဖြေ

ထို့နောက် အဆိုနည်းပြများအား မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးမြင့်ဌေးကလည်းကောင်း၊ အတီးနည်းပြများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးယုကလည်းကောင်း၊ အကနည်းပြများအား မြို့နယ် ဥပဒေအရာရှိ ဦးဝင်းလှိုင်ကလည်းကောင်း ပေးအပ် ချီးမြှင့်ကြပြီး သင်တန်းသူ သင်တန်းသားများက သင်ကြားတတ်မြောက်သည့် အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေကြသည်။

(မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပါ
ဒို့ပြည်ရွာ
သာယာလှပ
တင့်မောစွ

စုပေါင်းစိုက်ပျိုး

တိုက်ကြီးမြို့ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ရန်ကုန်-ပြည်လမ်း ဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးမျိုးအောင်နှင့်ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရေလွှဲဥမင်လိုဏ် တိုးလျှိုပေါက် တူးဖော်ပြီး ဥမင်အတွင်းပိုင်း၌ ကွန်ကရစ်လောင်းမှုပြီးစီး

နေပြည်တော် ဇူလိုင် ၁၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၉ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်း ဖြူးမြို့နယ်၌ တည်ဆောက်နေသော ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး ရှုရပ်အမြင့်မှ ပင်မတမံ၊ ရေပိုလွှဲ တည်ဆောက်မည့်နေရာနှင့် ဥမင်လိုဏ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရေလွှဲဥမင်လိုဏ် တိုးလျှိုပေါက် တူးဖော်ပြီးစီးမှု၊ ဥမင်အတွင်းပိုင်း၌ ကွန်ကရစ်လောင်းပြီးစီးမှုနှင့် လာမည့် မိုးလင်းရာသီတွင် ပင်မတမံတည်ဆောက်နိုင်ရန် ယာယီရေလွှဲတမံပြုလုပ်သွားမည့် လုပ်ငန်းများကို ရှင်းလင်း တင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နေ့စဉ်ပြေးဆွဲလျက်ရှိသော မြို့ပတ်ရထားတစ်စင်းကို သန့်ရှင်းရေးဝန်ထမ်းများက သန့်ရှင်းရေး ဆောင်ရွက်နေကြစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

NLD ပါတီ ခေါင်းဆောင်များအပေါ် ယုံကြည်မှု၊ အားထားမှုမရှိသဖြင့် အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ရှစ်ဦး ထပ်မံ စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၁၁

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မရမ်းပင် ကျေးရွာမှ ဦးစန်းအောင်၊ ဦးမင်းဇော်၊ ဦးထွေးဝင်း၊ ဦးထွေးလင်း၊ ဒေါ်သူဇာလှိုင်၊ ဦးစိုးထွန်း၊ ဦးထွန်းဦးနှင့် ဦးထွန်းထွန်းလင်းတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှနုတ်ထွက်ကြောင်း ဇူလိုင် ၁ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက်နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၃ ✡

မြို့ပတ်ရထားများ သန့်ရှင်းရေးနှင့် ပုံမှန်ပြေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးနေသော မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ(အင်းစိန်)

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်မြို့သည် လူဦးရေ များပြားလာသည်။ တိုးတက်များပြားလာသော ရန်ကုန်မြို့နေ ပြည်သူများ သွားလာရေး အဆင်ပြေစေရန်နေ့စဉ် ဘတ်စ်ကားများနှင့် မြို့ပတ်ရထားများ တိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။

ထိုသို့ ပြည်သူများ ခရီးသွားလာရေးအဆင်ပြေစေရန် မြို့ပတ်ရထားများကို ပုံမှန်ပြေးဆွဲလျက်ရှိရာ မြို့ပတ်မီးရထားများနေ့စဉ် အချိန်မှန်ပြေးဆွဲနိုင်ရေးနှင့် သန့်ရှင်းရေးအပြင် မီးရထားစက်ခေါင်းများလမ်းခရီး၌ ချို့ယွင်းမှုတစ်စုံတစ်ရာဖြစ်ပါက ခရီးသွားပြည်သူတို့ ခရီးသွားမှု နှောင့်နှေးကြန့်ကြာမှုမဖြစ်စေရန် ဆောင်ရွက် ပေးနေသော မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ(အင်းစိန်)သို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာ တွေ့ဆုံမေးမြန်းမှုလုပ်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❒

ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၁၁

ပဲခူးမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြို့၌ ၈၈၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၉၁၀ သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

(သတင်းစဉ်)

ဇူလိုင် ၁၁ ရက်၌ မိုးရွာသွန်းသမျှ

ဝမြို့	၆ ဒသမ ၆၂ လက်မ
ကျောက်ဖြူ	၅ ဒသမ ၅၉ လက်မ
ခရမ်း	၅ ဒသမ ၀၈ လက်မ
ပဲခူး	၅ ဒသမ ၀၃ လက်မ
စစ်တွေ } အမ်း	၄ ဒသမ ၉၂ လက်မ
သိမ်ဇရပ်	၄ ဒသမ ၃၇ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	၃ ဒသမ ၄၆ လက်မ
သံတွဲ	၃ ဒသမ ၂၆ လက်မ
မချမ်းဘော	၃ ဒသမ ၂၃ လက်မ
သထုံ	၃ ဒသမ ၀၇ လက်မ
ရမည်းသင်း	၀ ဒသမ ၆၇ လက်မ
နေပြည်တော်	၀ ဒသမ ၅၅ လက်မ

မွမ်ဘိုင်းမြို့ ရထားလမ်းကွန်ရက်၌ ဗုံးများပေါက်ကွဲ အနည်းဆုံး ၁၃၅ ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိ

မွမ်ဘိုင်း ဇူလိုင် ၁၁

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ ရထားလမ်းကွန်ရက်များပေါ်၌ ဇူလိုင် ၁၁ရက်က ပေါက်ကွဲမှု ခုနစ်နေရာ၌ ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၃၅ဦး သေဆုံးခဲ့ရကြောင်း အိန္ဒိယရဲတပ်ဖွဲ့ ရဲချုပ်က ပြောကြားသည်။

ဖြစ်ပွားခဲ့

ပထမပေါက်ကွဲမှုမှာ ဒေသစံတော်ချိန် ညနေရုံးဆင်းချိန်တွင် မွမ်ဘိုင်းမြို့အနောက်ပိုင်း မီးရထားများ အသွားအလာများပြားသော ဆင်ခြေဖုံးရပ်ကွက်များ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုပေါက်ကွဲမှု ခုနစ်ခုမှာ မွမ်ဘိုင်းမြို့အနောက်ပိုင်း ဆင်ခြေဖုံးရပ်ကွက်များနှင့် မီးရထားလမ်းများနှင့် ဘူတာများ ဆက်သွယ်ထားသောတစ်လျှောက်တွင် ဖြစ်ပွားခဲ့ကြောင်း ရဲချုပ် အေ့အင်န်ရွှိုင်းက ပြောကြားသည်။

ခုနစ်နေရာ

အဆိုပါ ပေါက်ကွဲမှုများကြောင့် အနည်းဆုံး လူ ၁၃၅ ဦးသေဆုံးပြီး ၄၅၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရာ နေရာခုနစ်နေရာမှာ ခါ၊ မီရာလမ်း၊ ဂျော့ရှဝါရီ၊ ဘိုရီဗယ်လီ၊ မတ်တွန်ဂါနှင့် ဘန်ဒရာစသည့်အရပ်များဖြစ်ကြောင်း ရဲချုပ်က ပြောကြားသည်။

၎င်းပေါက်ကွဲမှုများသည် လွန်ခဲ့သော သုံးနှစ်အတွင်း မွမ်ဘိုင်း၌ ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုများအနက် အဆိုးရွားဆုံး အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

မွမ်ဘိုင်းမြို့ ရထားလမ်းကွန်ရက်၌ ဗုံးပေါက်ကွဲ၍ ပျက်စီးသွားသော ရထားတစ်စင်းအား ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)